## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

## (၂၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက်)

(ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း

**အချိန်၊ ၁၃း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၉၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၁၆) ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ

သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ဇနီးမီးဖွား။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညွှန့်တင်၊ ရန်ကုန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ မိခင်ကျန်းမာရေး။ ဦးမန်းကံညွှန့်၊ ကရင်(၂)၊ ကျန်းမာရေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကျန်းမာရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာကျော်သိန်း၊ မွန်(၄)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးဝင်းကျော်ကျော်၊ တပ်မတော်၊ တာဝန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီး ဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းကဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**မင်းတပ်မြို့နယ်အတွင်း ဆိုင်ကယ်လမ်း (၃)လမ်းကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဦးဟာရှိန်းဘွေ က မင်းတပ်မြို့နယ်အတွင်း ဆိုင်ကယ်လမ်း (၃)လမ်းကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၆။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ သမ္မတရုံးဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မင်းတပ်မြို့နယ်အတွင်း နှစ်ပေါင်းများစွာ ကိုယ့်အားကိုယ်ကိုး နှစ်စဉ် ဖောက်လုပ်ခဲ့ကြတဲ့ ဆိုင်ကယ်လမ်း(၃)လမ်းကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းလမ်း(၃)လမ်းမှာ (က) အုံရွာမှ ကင်းလှိုရွာကို ဖြတ်၍ ထားအိမ်နူးရွာသို့ (၁၆)မိုင် ဆိုင်ကယ်လမ်း။ (ခ) ရိုးဖောင်ရွာမှ လှတ္တီရွာ ကို ဖြတ်၍ ကြုတ်ရွာသို့ (၁၄)မိုင် ဆိုင်ကယ်လမ်း။ (ဂ) ဝမ္မသူးရွာမှ ထာလောင်းရွာအထိ ဆိုင်ကယ် လမ်း(၆)မိုင်၊ ထာလောင်းရွာမှ အွယ်ရေးရွာ၊ စပ်ကောက်ရွာကိုဖြတ်၍ မနာတာရွာရှိ (၃၇)မိုင်၊ ရွှေအောင်သာကားလမ်းဆုံအထိ (၆)မိုင်၊ ကားလမ်းတာချဲ့ရန် စုစုပေါင်း(၁၂)မိုင်ကို (၁၈)ပေ ကားလမ်း အဖြစ် ဖောက်လုပ်ပေးပါရန် ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးမြန်းခဲ့ရာ ပထမအကြိမ် အမျိုးသားလွှတ်တော် အငွေမပုံမှန်အစည်းအဝေးတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဝန်ကြီးဌာနမှ စာဖြင့် ပြန်လည်ဖြေကြားရာတွင် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီမှ ထောက်ခံချက်၊ ပြည်နယ်အစိုးရတို့၏ ထောက်ခံချက်တို့ဖြင့် ပြန်လည်တင်ပြလာပါက အနီးစပ်ဆုံး ဘတ်ဂျက်တွင် ချထားပေးနိုင်ရန် တောင်းခံပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါ တယ် ခင်ဗျား။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်း(၃)လမ်းနဲ့ပတ်သက်လို့ ကျွန်တော် အနည်းငယ် ရှင်းပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်-မတူပီကားလမ်း(၁၆)မိုင်ကနေပြီးတော့မှ လုံဘန်းစခန်း ကို(၉)မိုင်ရှိပါတယ်။ လုံဘန်းစခန်းကနေပြီးတော့မှ အုံကျေးရွာကို (၃)မိုင်ရှိပါတယ်။ စုစုပေါင်း (၁၂)မိုင် ဟာ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ခဲ့တဲ့ ကားလမ်းဖြစ်ပါတယ်။ ယခုအချိန်မှာဆိုရင် လိုင်းကားတွေ ပြေးဆွဲပြီးမှ ကျွန်တော်တို့မြို့နဲ့ အင်မတန်အလှမ်းဝေးတဲ့ နယ်စပ်ဒေသ ပလက်ဝ၊ မတူပီနယ်စပ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားဒေသခံပြည်သူတွေအတွက် အင်မတန် အဆင်ပြေလျက်ရှိ ပါတယ်ခင်ဗျား။

ဒါကြောင့် အုံရွာကနေပြီးတော့မှ မုံးချောင်းကို (၆)မိုင်၊ မုံးချောင်းကနေပြီးတော့မှ ကင်းလှို ရွာသစ်ကို (၄)မိုင်၊ ကင်းလှိုရွာသစ်မှ ထားအိမ်နူးရွာကို (၆)မိုင်၊ စုစုပေါင်း(၁၆)မိုင်ကို ကျွန်တော်ကိုယ်တိုင် ဦးဆောင်စည်းရုံးခဲ့ပြီး ၂၀၀၄ ခုနှစ်ကစတင်၍ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ခဲ့ရာ ၂၀၀၈ ခုနှစ်တွင်

မုံးချောင်းအထိ ဖောက်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်တွင် ကင်းလှိုရွာ၊ ၂၀၁၃ ခုနှစ်တွင် ထားအိမ်နူးရွာ အရောက် ဆိုင်ကယ်လမ်း ဖောက်လုပ်နိုင်ခဲ့ကြပါတယ်။ ဒါကြောင့် (၉)နှစ် တိတိ၊ (၁၀)နှစ်ရောက်အောင် ကျွန်တော်တို့ ဖောက်လုပ်ခဲ့တဲ့ ဆိုင်ကယ်လမ်းကို ယခုအခါမှာ နိုင်ငံတော်မှ ပံ့ပိုးကူညီရန် ပြည်သူအများ ဆန္ဒပြင်းပြလျက်ရှိပါတယ်။ ဒါကြောင့် ဒီလမ်းကို မြို့နယ် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီရဲ့ ထောက်ခံချက်နဲ့အတူ ပူးတွဲပြီး ကျွန်တော်ပြန်လည် တင်ပြတာ ဖြစ်ပါတယ်ခင်ဗျား။ (ခ) ရိုးဖောင်ရွာမှ လှတ္တီရွာကို ဖြတ်၍ ကြုတ်ရွာသို့ ဆိုင်ကယ်လမ်း(၁၄)မိုင်ကို ၂၀၀၆ ခုနှစ်မှ ကျွန်တော်တို့ စတင်ပြီးတော့မှ စည်းရုံးဖောက်လုပ်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်တွင် ရိုးဖောင်ရွာသို့ ဂျစ်ကားလမ်းရောက်ရှိခဲ့ပြီး၊ ၂၀၁၂ ခုနှစ်တွင် ရိုးဖောင်ရွာမှ လှတ္တီရွာကို(၇)မိုင်၊ လှတ္တီရွာမှ ကြုတ်ရွာကို(၇)မိုင်၊ စုစုပေါင်း(၁၄)မိုင်ကို ဆိုင်ကယ်လမ်း အောင်မြင်စွာ ဖောက်လုပ် နိုင်ခဲ့ကြပါတယ်။ ကြုတ်ရွာမှ မင်းတပ်-မတူပီကားလမ်း ပြည်ထောင်စုလမ်းမကြီး မိုင်(၇၀)လမ်းမပေါ်မှာ ရှိတဲ့ လေရှီးရွာ (၈)မိုင်၊ (၆)ဖာလုံကို ကိုယ့်အားကိုယ်ကိုးနဲ့ ကားလမ်း ဖောက်လုပ်ထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် ကြားထဲမှာ ကျန်နေတဲ့ အထက်ပါ ဆိုင်ကယ်လမ်း၊ ရိုးဖောင်ရွာမှ လှတ္တီရွာကို ဖြတ်၍ ကြုတ်ရွာကို (၁၄)မိုင် ဆိုင်ကယ်လမ်း ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်တဲ့ လမ်းဟာ မင်းတပ်(၁၆)မိုင်မှ ဟင်းမဆန်ရွာ၊ မချုံရွာသစ်၊ ရိုးဖောင်ရွာ အထိ (၂၅)မိုင် ရှိပါတယ်။ အဲဒါ ကိုယ့်အားကိုယ်ကို ဖောက်လုပ်ခဲ့တဲ့ ကားလမ်းဖြစ်ပါတယ်။ လှတ္တီမှ ကြုတ်၊ ကြုတ်မှ လေရှီးမိုင်(၇၀)၊ မင်းတပ်-မတူပီ ကားလမ်း ပြည်ထောင်စုလမ်းမကြီးသို့ ဆုံမည်ဖြစ်၍ စုစုပေါင်းအားလုံးအရှည်ဟာ မိုင်(၇၀)ရောက်ရင် စုစုပေါင်း(၄၇)မိုင်ရှိမှာ ဖြစ်ပါတယ်။ အဲဒီ(၄၇)မိုင်မှာ ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားပြီးတဲ့ လမ်းက မိုင်(၃၀)ကျော်ရှိပြီးတော့မှ အခုကြားမှာ ကျန်နေတဲ့ ဆိုင်ကယ်လမ်း(၁၄)မိုင်ကို ကျွန်တော်တို့ ကားလမ်းအဖြစ် ဖောက်လုပ်ပေးဖို့ ကျွန်တော်တင်ပြတာ ဖြစ်ပါတယ်ခင်ဗျား။

(ဂ) နံပါတ်(၃)လမ်းကတော့ ဝမ္မသူးမှ ထာလောင်းရွာအထိ (၆)မိုင်၊ ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ်တုန်းက ကျွန်တော်တို့ ကျေးရွာအုပ်စု(၅)အုပ်စုကို ကွင်းဆင်းစည်းရုံးပြီးတော့မှ ဒါ ကိုယ့်အားကိုယ့်ကိုးဖောက်လုပ်ခဲ့တဲ့ (၂)နှစ်အတွင်း ဖောက်လုပ်ခဲ့တဲ့ ဆိုင်ကယ်လမ်းဖြစ်ပါတယ်။ တိုက်နယ် အမှတ်(၁)နဲ့ တိုက်နယ်အမှတ်(၂)အကြား အတက်အဆင်းမရှိ ကျေးရွာပေါင်း(၂၁)ရွာကို ဆက်သွယ် အကျိုးပြုမယ့် အလွယ်ဆုံးလမ်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျေးလက်နေပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဟာ အလွယ်တကူတိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ပါ တယ်။

ဒါကြောင့် မြို့နယ် အထောက်အကူပြု လုပ်ငန်းကော်မတီရဲ့ ထောက်ခံချက်နဲ့ ကျွန်တော် ဒီ (၆)မိုင်ကို ပြန်လည်တင်ပြရခြင်း ဖြစ်ပါတယ်။ ပြီးတော့မှ ထာလောင်းရွာမှ (၃၇)မိုင် ရွှေအောင်သာ ကားလမ်းပေါ်မှာရှိတဲ့ မနာတာရွာအထိ ကြားမှာ စပ်ကောက်ရွာ၊ အွယ်ရေးရွာကို ဖြတ်ပြီးတော့မှ ကြားမှာ ယခင်ကားလမ်းဟောင်း (၆)မိုင်ရှိပါတယ်။ ဒါကို ကျွန်တော်(၁၈)ပေ ကားလမ်းအဖြစ်နဲ့ ပြန်လည်ချဲ့ပေးမယ်ဆိုရင် စုစုပေါင်း ဆိုင်ကယ်လမ်း(၆)မိုင်နဲ့ အဲဒီ ကားလမ်း(၆)မိုင်၊ စုစုပေါင်း (၁၂)မိုင်ကို ကျွန်တော်တို့ ကားလမ်းအဖြစ်နဲ့ ဖောက်လုပ်ပေးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ အဲဒီ ဒေသမှာ မင်းတပ်မြို့နယ်မှာ လက်ဖက်အထွက်ဆုံးဒေသ၊ 'ဝ'ဥနဲ့ နနွင်းတက် အထွက်ဆုံးဒေသတွေ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝ အလွယ်တကူ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ကျွန်တော် ယုံကြည်တဲ့ အတွက်ကြောင့် ဒီလမ်း(၃)လမ်းကို မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီရဲ့ ထောက်ခံချက်နဲ့

ကျွန်တော် လွှတ်တော်ကို ပြန်လည်တင်ပြတာ ဖြစ်ပါတယ်။ နောက် ပြည်နယ်အစိုးရကိုလည်း ဒါ တင်ပြထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် ဒီ လမ်း(၃)လမ်းဟာ မြို့နယ်ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စီမံကိန်းလျာထားစာရင်း၌လည်း ထည့်သွင်းထားတဲ့ ဦးစားပေးလမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ မင်းတပ်မြို့နယ်မှာ အမှန်တကယ်ဦးစားပေး ဖောက်လုပ်ရမယ့် ဆိုင်ကယ်လမ်းမှ ကားလမ်းဖြစ်ကြောင်း မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီမှ ဆုံးဖြတ်၍ ထောက်ခံချက်နှင့်အတူ လွှတ်တော်မှတစ်ဆင့် ပြန်လည်တင်ပြခြင်း ဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရကိုလည်း မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ မှ ဒီဇင်ဘာလ(၁၉)ရက် ရက်စွဲနဲ့ ကျွန်တော်တို့ ပြည်နယ်ကိုလည်း တင်ပြထားတဲ့ လမ်းဖြစ်ပါတယ် ခင်ဗျား။

ဒါကြောင့် (ဃ) အုံရွာမှ ကင်းလှိုရွာကို ဖြတ်ပြီး ထားအိမ်နူးရွာသို့ ဆိုင်ကယ်လမ်း(၁၆)မိုင်ကို ကားလမ်းအဖြစ်လည်းကောင်း၊ (ခ) ရိုးဖောင်ရွာမှ လုတ္တိရွာကို ဖြတ်၍ ကြူတ်ရွာအထိ ဆိုင်ကယ်လမ်း (၁၄)မိုင်ကို ကားလမ်းအဖြစ်လည်းကောင်း၊ (ဂ) ဝမ္မသူးရွာမှ ထာလောင်းရွာ ဆိုင်ကယ်လမ်း(၆)မိုင်နှင့် ထာလောင်းရွာမှ အွယ်ရေးရွာ၊ စပ်ကောက်ရွာကို ဖြတ်၍ မနာတာရွာအထိ ကားလမ်းတာချဲ့(၆)မိုင်၊ စုစုပေါင်း(၁၂)မိုင်ကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးရန် တင်ပြရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်မှ အထက်ပါ ဆိုင်ကယ်လမ်း(၃)လမ်းကို ကားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန်နှင့် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ လျာထားပေးနိုင်ပါရန်၊ အခက်အခဲရှိပါက ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေတွင် လျာထားပေးနိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့နယ်၊ ငစစ်တောင်ကုန်းမှ တောင်ဘက်သို့ စီးဆင်းသောဖြန်ဖိုင်းချောင်းရေအား ရေကာတာ တည်ဆောက်ပြီး ငစစ်ချောင်းနှင့် ပူးပေါင်းစေကာ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၃း၄၄။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ဖလမ်းမြို့နယ်၊ ငစစ်တောင်ကုန်းမှ တောင်ဘက်သို့ စီးဆင်းသော ဖြန်ဖိုင်းချောင်းရေအား ရေကာတာ တည်ဆောက်ပြီး ငစစ်ချောင်းနှင့် ပူးပေါင်းစေကာ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ် ဖြန့်ဝေပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၄။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သမ္မတရုံးပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ကျွန်တော့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ငစစ်တောင်ကုန်းမှ တောင်ဘက်သို့ စီးဆင်းသော ဖြန်ဖိုင်းချောင်းအား ပိတ်ဆို့ပြီး

ဌင်းမှရရှိသောရေကို ငစစ်ရေသို့ ပူးပေါင်းစေကာ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဝေရေး အစီအစဉ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီ တင်ပြရခြင်းရဲ့ အဓိကဟာ ကျွန်တော်တို့ မေးခွန်းမထုတ်ခင်တုန်းက သူတို့က ကြိုတင်ပြီးမှ တိုင်းထားတာရှိလို့ ကျွန်တော် ခု အဲဒီဟာကို ဆက်လက်ပြီးမှ မေးမြန်းထားခြင်း ဖြစ်ပါတယ်။ အခုလို မေးမြန်းရတဲ့အတွက်ကြောင့် အထူးပဲ ဝမ်းသာဂုဏ်ယူမိပါ တယ်။

ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ငစစ်ရေအားဟာ ၁၉၈၇ ခုနှစ်တုန်းက တည်ဆောက်ခဲ့တဲ့ မဂ္ဂါဝပ်တစ်ဝက်၊ ကီလိုဝပ်အားဖြင့် (၅၀၀)ကိုလည်း လည်ပတ်စေတဲ့ ကျွန်တော်တို့ ရေအားလျှပ်စစ်ဖြစ်ပါတယ်။ အခုနေဆိုရင်တော့ (၂၆)နှစ်ဝန်းကျင်လောက် ရှိပါတယ်။ အသုံးပြုတဲ့ ဒိုင်နမိုကလည်း ပျက်စီးပြီဖြစ်တဲ့အတွက်ကြောင့် ပြီးခဲ့တဲ့နှစ်က အသစ်နဲ့ လဲလှယ်ပြီး ဖြစ်ပါတယ်။ အခုအခါမှာ အသစ်လဲလှယ်ပြီးဖြစ်သော်လည်းပဲ ကျွန်တော်တို့ နွေရာသီရောက်တဲ့အတွက်ကြောင့် ရေအားက နည်းလာပြီး ကျွန်တော်တို့စက်က အင်အားအပြည့်မလည်နိုင်ပါဘူး။ ကီလိုဝပ် (၅၀၀)ကို ကျွန်တော်တို့ ချွေတာပြီးမှ သူတို့လည်ပတ်တဲ့အခါမှာ (၄၀၀)ကို ကျွန်တော်တို့ လည်ပတ်ခိုင်းပါတယ်။ (၄၀၀)ကို လည်ခိုင်းတာတောင်မှ ကျွန်တော်တို့ (၂၄)နာရီတောင် မပေးနိုင်ပါဘူး။ ပြီးခဲ့တဲ့ ကျွန်တော်တို့ ဖလမ်းရောက်တဲ့အခါမှာ ကျွန်တော်တို့ ဒီ (၃)ည၊ (၁)ည၊ ဒါ (၁)ညတောင်မှ (၁၂)နာရီ အပြည့်မပေးနိုင်ပါဘူး။ အဲဒီလိုနဲ့ သူတို့ ခွဲတမ်းချပြီးမှ ကျွန်တော်တို့လည်ပတ်စေတာ ဖြစ်ပါတယ်။ နောက်သူတို့ ဖြန့်ဝေတဲ့ ကျေးရွာများအနေနဲ့လည်း တော်တော်များပါတယ်။ ကျွန်တော်တို့ လုံဘန်းကျေးရွာရယ်၊ နောက် ပါစဲရယ်၊ နောက် တာရှင်းရွာ၊ နောက် ကြောင်းဟဲန်၊ ဇာမွာလ်ရွာ၊ နောက် လိုင်ဇိုးရွာ၊ နောက် ဦးဥတ္တမသာရ ကျောင်းထိုင်တဲ့ လုံပီးရွာနဲ့ ကျွန်တော်တို့ ဖလမ်းမြို့ အပါအဝင် ဒီ မီး ဖြန့်ဝေပေးပါတယ်။ ဒါကြောင့်မို့လို့လည်း မီးအား မလုံမလောက်ဖြစ်နေတာ ဖြစ်ပါမယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငစစ်ရေအား ပိုမိုရရှိရန်အတွက် ကျွန်တော်တို့ ဒီ ငစစ်တောင်ကုန်းကနေပြီးမှ တောင်ဘက်သို့စီးဆင်းတဲ့ ချောင်းဟာ(၂)ချောင်း ရှိပါတယ်။ တစ်ခုက ငစစ်ချောင်းဖြစ်ပြီးမှ တစ်ခုက ဖြန်ဖိုင်းချောင်း ဖြစ်ပါတယ်။ အခုအသုံးပြုနေတဲ့ဟာ ကတော့ ကျွန်တော်တို့ ငစစ်ချောင်းဖြစ်ပြီးမှ ဖြန်ဖိုင်းချောင်းကတော့ ကျွန်တော်တို့ ဒီ ရေလွှဲဆည်ရဲ့ အောက်ပိုင်း ကနေပြီးမှ ငစစ်ချောင်းထဲပြန်လည်ပြီးမှ ပေါင်းစီးပါတယ်။ ဒေသခံပြည်သူများ ပြောကြတဲ့ စကားအရ ဆိုရင်တော့ ဒီ ဖြန်ဖိုင်းချောင်းကို ရေကာတာတည်ဆောက်ပြီးမှ ကျွန်တော်တို့ ဒီ ငစစ်ရေလွှဲဆည်အထိ ကာပြီးမှ အဲဒီမှာသွားပေါင်းခိုင်းလို့ရှိရင် ရေအားပိုမိုရရှိလာပြီးမှ ကျွန်တော်တို့ (၅၀၀)ကီလိုဝပ်ကို အပြည့်အဝ လည်ပတ်နိုင်မယ်လို့ သူတို့ယုံကြည်ပါတယ်။ အဲဒါကြောင့် ဒီဟာကို မေးခွန်းနဲ့ တင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော့် တကယ့်တကယ်မေးခွန်းကတော့ ကျွန်တော်တို့ ပထမအကြိမ်အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး၊ ၅-၆-၂၀၁၃ ရက်နေ့က ကျွန်တော် ကြယ်ပွင့်မပြမေးခွန်း၊ အမှတ်စဉ်(၈) ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော် တင်ပြတုန်းကတော့ ငစစ်တောင်ကနေပြီးမှ မြို့ဘက်သို့ စီးဆင်းတဲ့ ချောင်းဖြစ်ပါတယ်။ ဒါပေမဲ့ ခံယူချက်နည်းနည်း လွဲမှားပြီးမှ တောင်ဘက်သို့ စီးဆင်းတဲ့ ချောင်းကို တိုင်းတဲ့အခါကျတော့ သူတို့ ဖြန်ဖိုင်းချောင်းပဲ တိုင်းတာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ ဖြန်ဖိုင်းချောင်း တိုင်းတဲ့ဟာကို ကျွန်တော် ဘယ်လို အခြေအနေ ရှိတယ်ဆိုတာလည်း မသိဘူး။ ဒါပေမဲ့

သူတို့တိုင်းတာတစ်မျိုး ကျွန်တော် အခုမေးခွန်းနဲ့ တင်ပြတာ တခြားများ ဖြစ်နေမှာလားတောင် ကျွန်တော် မပြောတတ်ဘူး။

အဲဒါကြောင့် ကျွန်တော်တို့ ဒီ ပိုမိုအားရရှိလာရေးအတွက် ကျွန်တော်တို့ ဖြန့်ဖိုင်းချောင်းကို ရေအားလျှပ်စစ်က ကျွမ်းကျင်တဲ့ ဝန်ထမ်းများကနေပြီးမှ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက်နေ့မှာ တိုင်းတာခဲ့ပြီးဖြစ်ပါတယ်။ ဖြစ်နိုင်ခြေ ရှိ၊ မရှိ၊ သူတို့တိုင်းတာ ဒီ ဖြန့်ဖိုင်းချောင်းကိုပဲ ရေအားလည်ခိုင်းမှာလား။ မဟုတ်ဘဲနဲ့ ကျွန်တော် အခုတင်ပြသလိုပဲ ရေကာတာ တည်ဆောက်ပြီးမှ ငစစ်ချောင်းနဲ့ ပြန်ပေါင်းစီးမှာလား ဆိုတာကိုလည်း ကျွန်တော် မပြောတတ်ဘူးဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော် တင်ပြတဲ့အတိုင်း ကျွန်တော်တို့ ဒီ ဖလမ်းရောက်ခဲ့စဥ်တုန်းကလည်း မီးပြဿနာ တော်တော်လေး ဖြစ်ပါတယ်။ ဒီ အတိုင်းတင်ပြရမယ်ဆိုရင် ပြီးခဲ့တဲ့ ကျွန်တော် ဖလမ်းရောက်ခဲ့စဥ်က ဒီ မီးကို VIP လိုင်းဆိုပြီးမှဝန်ထမ်းများကနေပြီးမှ အိမ်ကိုသွယ်ပေးပါတယ်။ အဲဒါနဲ့ ဒေသခံပြည်သူများနဲ့ မြို့သူ/မြို့သားများကလည်း မကျေမနပ် ဖြစ်ပြီးမှ ခိုက်ရန်ဒေါသဖြစ်ပြီး ဝန်ထမ်းတစ်ဦးတောင်မှ ကျွန်တော်တို့ ဆေးရုံမှာ တစ်ပတ်လောက် ဆေးကုသမှု ခံယူရသည်အထိ ကျွန်တော်တို့ မီးပြဿနာ ဖြစ်ခဲ့ပါတယ်။

အဲဒါကြောင့် ဒီချင်းပြည်နယ်၊ ဖလမ်းမြို့နယ် တစ်ဝိုက်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများအား (၂၄)နာရီ မီးဖြန့်ဝေပေးနိုင်ရေးအတွက် ဖြန့်ဖိုင်းချောင်း ရေအား ရေကာတာတည်ဆောက်ပြီး ငစစ်ချောင်းနှင့် ပူးပေါင်းစေကာ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဝေရေး အစီအစဥ်ကို ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၉။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၅၀။**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၈) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ မေးမြန်း ခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရရဲ့ ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါ တယ်။

၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြတဲ့ ပြည်နယ် ရန်ပုံငွေလုပ်ငန်းများမှာ ပထမဦးစားပေးအဖြစ် (က) အုံ၊ မုန်းချောင်း၊ ကင်းလို၊ ထားအိမ်နူး မြေသားလမ်းဟာ (၁၉.၃)မိုင်အတွက် ခန့်မှန်းတန်ဖိုး ကျပ်သန်း (၃၀၈.၈၀)၊ (ခ) ရိုးဖောင်၊ လှတို၊ ကြုတ် မြေသားလမ်း (၁၂.၆)မိုင်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၂၀၁.၆၀)၊ (ဂ) ဝမ္မသူး၊ ထာလောင်း မြေသားလမ်း(၇)မိုင်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၁၁၂.၀) စုစုပေါင်းလမ်း(၃)လမ်း

အတွက် ခန့်မှန်းတန်ဖိုးကျပ်သန်း(၆၂၂.၄)အား ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ် အစိုးရရန်ပုံငွေမှ ထည့်သွင်းတဲ့ အထက်ဖော်ပြပါ လမ်း(၃)လမ်းအတွက် ရန်ပုံငွေကို နေပြည်တော်မှာ ပြုလုပ်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ရသုံးခန့်မှန်းခြေအစည်းအဝေးမှာ ပြည်ထောင်စုဘတ်ဂျက်ကို လွှဲပြောင်းပေးခဲ့တဲ့အတွက်ကြောင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စားပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် ငစစ်တောင်ကုန်းမှ တောင်ဘက်ကိုစီးဆင်းတဲ့ ဖြန်ဖိုင်းချောင်းအား ပိတ်ဆို့ပြီးတော့ ငဆစ်ဗားရေအားလျှပ်စစ်စက်ရုံကို ရေပိုမိုစီးဆင်းနိုင်ပြီးတော့ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန်အတွက် ၂၀၀၆ ခုနှစ် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒုတိယလက်ထောက် အင်ဂျင်နီယာ ဦးဇာကိုလွယ် အဖွဲ့နဲ့ ဖလမ်းမြို့ မီးလင်းရေးကော်မတီ ရပ်မိရပ်ဖအဖွဲ့တို့ဟာ လက်တွေ့ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခဲ့ကြပါတယ်။

အဆိုပါတိုင်းတာတွေ့ရှိမှုမှာ ဖြန်ဖိုင်းချောင်းကနေပြီးတော့မှ ငဆစ်ဗားရေ ရေသွယ်မြောင်း သို့စီးဝင်နိုင်ရန်အတွက် အကျယ်(၄)ပေ၊ အနက်(၄)ပေ၊ အထု(၈) လက်မရှိတဲ့ ကွန်ကရစ်ရေသွယ် မြောင်းကိုပေနှစ်သောင်းကျော်ခန့် တည်ဆောက်ပေးသွား ရမှာဖြစ်ပါတယ်။ ထိုသို့တည်ဆောက် နိုင်ရန်အတွက်ကျောက်တောင်၊ ကျောက်ကမ်းပါးများ ဖြစ်နေခြင်း၊ ကမ်းပါးယံများမှာ မတ်စောက်လွန်းခြင်း၊ ပေ(၁၀၀) ထက် နက်တဲ့ ချောက်များ၊ လျှိုများကို ဖြတ်သန်း၊ ဖြတ်ကျော် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့်မိုလို့ အခက်အခဲများရှိနေခြင်း၊ ကုန်ကျစရိတ် များပြားနိုင်ခြင်းနဲ့ နောင်မှာ ထိန်းသိမ်းပြုပြင် စောင့်ရှောက်သွားရန် ခက်ခဲခြင်းစတဲ့ အခက်အခဲများနဲ့ အကျိုးအမြတ် ရရှိမှု နည်းပါးလွန်းတဲ့အတွက်ကြောင့် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၄။**

**ဦးစောမော်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါ တယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၂/ ၂၀၁၀) ကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏
နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး
ကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၁၀၆
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ်၊၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင်က အမျိုးသားလွှတ်တော်သို့ အဆိုပြုတင်ပြလာရာ လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက် အရ ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို စိစစ်လေ့လာခဲ့ပါသည်။ ဥပဒေကြမ်း အဆိုပြုသူ ဒေါက်တာအေးမောင် အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးခြင်းနှင့် လိုအပ်သည်များ မေးမြန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ကော်မတီ၏လေ့လာတွေ့ရှိချက်

၂။ တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ပြီးဥပဒေ၌ နိဒါန်းနှင့် အခန်း ၅ ခန်း ခွဲခြားထားပြီး ပုဒ်မပေါင်း ၂၇ ခု ပြဋ္ဌာန်းပါရှိပါသည်။ ပြင်ဆင်ရန်အဆိုပြုသည့် ဥပဒေကြမ်း၌ အောက်ပါအတိုင်း ပြင်ဆင်ချက် ၃ ချက် ပါရှိပါသည်-

(က) အခန်း (၂)၊ ပုဒ်မ ၄ ပုဒ်မခွဲ(က)၌ ပါတီတည်ထောင်လိုသူများသည် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူဖြစ်ခြင်း အစား နိုင်ငံသားဖြစ်ခြင်း၊

(ခ) အခန်း (၂)၊ ပုဒ်မ ၅ ပုဒ်မခွဲ (ဃ)၌ ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်အမှတ် သို့မဟုတ်

ယာယီသက်သေခံ လက်မှတ်အမှတ် ဆိုသည့်စကားရပ် အစား ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ဂ) အခန်း (၂) ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ၌ ပါတီဝင်များအဖြစ် စည်းရုံးရာတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူဖြစ်ခြင်းအစား နိုင်ငံသားဖြစ်ခြင်း၊

လေ့လာတွေ့ရှိချက်

၃။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အဆိုပြုရာ၌ နိုင်ငံရေးပါတီများ ထူထောင်ခြင်းမှာ နိုင်ငံသားများနှင့်သာသက်ဆိုင်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ အခြားတည်ဆဲဥပဒေများနှင့်လည်းကောင်း ညီညွတ်စေရန် ရည်ရွယ်၍ နိုင်ငံရေးပါတီတည်ထောင်လိုသူများသည် နိုင်ငံသား၊ ဧည့်နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူ ဖြစ်ရမည့်အစား နိုင်ငံသားဟု တိကျစွာ ပြင်ဆင်ပြဋ္ဌာန်းရန် တင်ပြခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါသည်။

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားအဖြစ် -

(က) တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဟု သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

၅။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ၌ အခန်း (၂) နိုင်ငံသားဖြစ်ခြင်းအပိုင်းတွင် ပုဒ်မ ၅ ၌ တိုင်းရင်းသားတိုင်းသည် လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူတိုင်းသည် လည်းကောင်း မွေးရာပါ နိုင်ငံသားဖြစ်သည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၆ ၌ ဤဥပဒေအာဏာ တည်သည့်နေ့တွင် နိုင်ငံသားဖြစ်ပြီးသူသည် နိုင်ငံသားဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မြန်မာနိုင်ငံသားဥပဒေတို့အရ နိုင်ငံသားဆိုရာတွင် မွေးရာပါ နိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားဖြစ်သူဟု နှစ်မျိုးခွဲထားပါသည်။

၇။ မြန်မာနိုင်ငံသားဥပဒေအရ ဧည့်နိုင်ငံသားဆိုသည်မှာ ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားဖြစ်ရန် လျှောက်ထားသူများအနက် သတ်မှတ်ချက်များနှင့် အရည်အချင်းများကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်သူဖြစ်သည်။ (မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၂၃)

၈။ နိုင်ငံသားပြုခွင့်ရသူဆိုသည်မှာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီကာလတွင် နိုင်ငံတော်အတွင်း ရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်းမွေးဖွားသည့် သားသမီးသည် ၁၉၄၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေကြောင်း ခိုင်လုံသောအထောက်အထားများဖြင့် ဗဟိုအဖွဲ့သို့ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားသူများအနက်

ဗဟိုအဖွဲ့က နိုင်ငံသားပြုခွင့်ရသူအဖြစ် သတ်မှတ်သူဖြစ်သည်။ (မြန်မာနိုင်ငံသား ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃)

၉။ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (င)၌ နိုင်ငံခြားသားဆိုသည်မှာ နိုင်ငံသား မဟုတ်သောသူ သို့မဟုတ် ဧည့်နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သူကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

၁၀။ မြန်မာနိုင်ငံသားဥပဒေ တည်သည့်နေ့မှစ၍ ယင်းဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်မှအပ မည်သည့် နိုင်ငံခြားသားမျှ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားခွင့်မရှိစေရဟု ပြဋ္ဌာန်းချက်ရှိပြီး ဖြစ်ပါသည်။

၁၁။ ရရှိသော စာရင်းဇယားများအရ နိုင်ငံတော်၌ ၁၀ နှစ်အထက်ရှိသူများသည် အောက်ပါအတိုင်း လက်မှတ် အသီးသီးကိုင်ဆောင်ထားသည်ဟု သိရှိရပါသည် -

(က) နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူ = ၃၆.၆ သန်းခန့်

( ခ) ဧည့်နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူ = ၃၆၀၀၀ ကျော်

( ဂ) နိုင်ငံသားပြုခွင့်လက်မှတ်ကိုင်ဆောင်သူ = ၁.၃ သိန်းခန့်

(ဃ) အမျိုးသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူ = ၅.၉ သိန်းခန့်

( င) ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သူ = ၈.၅ သိန်းကျော်

( စ) နိုင်ငံခြားသားလက်မှတ်ကိုင်ဆောင်သူ = ၃၂၀၀၀ ကျော်

(ဆ) မည်သည့်လက်မှတ်မျှမကိုင်သူ = ၁.၂ သန်းခန့်

၁၂။ အထက်ပါ စာရင်းဇယားအရ ဧည့်နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူနှင့် နိုင်ငံသားပြုခွင့်လက်မှတ်ကိုင်ဆောင်သူ ဦးရေမှာ နည်းပါးပြီး၊ ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်သည့် ဦးရေမှာ ၈.၅ သိန်းကျော်နှင့် အမျိုးသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူဦးရေ ၅.၉ သိန်းခန့် ရှိသေးကြောင်း လေ့လာရရှိပါသည်။

၁၃။ ယင်းသက်သေခံ လက်မှတ်များအနက် ယာယီသက်သေခံ လက်မှတ်ဆိုသည်မှာ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေအရသက်သေခံ ကတ်ပြားတစ်ခုခုအစား မည်သူမည်ဝါဖြစ်ကြောင်း အချိန်ကာလပိုင်းခြား သတ်မှတ်ချက်ဖြင့် ထုတ်ပေးသောလက်မှတ် ဖြစ်ပါသည်။ ယာယီသက်သေခံလက်မှတ်ကို ယခင်က ပုံစံစာရွက်ဖြင့် ထုတ်ပေးသော်လည်း ပျက်စီးလွယ်ခြင်း၊ ကိုင်ဆောင်ထိန်းသိမ်းရန် ခက်ခဲခြင်းတို့ကြောင့် အဖြူရောင် ကတ်ပြားများဖြင့် ပြောင်းလဲ ထုတ်ပေးခဲ့ရာ White Card ဆိုသည့် သုံးစွဲမှု ဖြစ်ပေါ်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၄။ ယာယီသက်သေခံလက်မှတ်သည် နိုင်ငံသားဖြစ်ကြောင်း သက်သေခံအထောက်အထား မဟုတ်သော်လည်း၊ မည်သည့်ကတ်ပြားမှ ကိုင်ဆောင်ထားခြင်းမရှိသည့် နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်ရန်အကျုံးမဝင်သော၊ နိုင်ငံခြားသားမဟုတ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန်လည်းမပြည့်စုံသူများကို ထုတ်ပေးသည့်လက်မှတ်ဖြစ်သည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား

ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ရှင်းလင်းချက်အရ လေ့လာသိရှိရပါသည်။ ယင်းယာယီလက်မှတ်ကိုင်ဆောင်သူဦးရေမှာ ၈ သိန်းခွဲခန့်ရှိသည်မှာလည်း အကြောင်းအမျိုးမျိုးကြောင့် များပြားနေကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ရေးလက်မှတ်၊ ဧည့်နိုင်ငံသားလက်မှတ်၊ နိုင်ငံသားပြုခွင့် လက်မှတ်တို့ကို ပုံမှန်စိစစ်ထုတ်ပေးနိုင်ပါက အမျိုးသားမှတ်ပုံတင်လက်မှတ်နှင့် ယာယီသက်သေခံလက်မှတ်ဦးရေမှာ ယခုကဲ့သို့ များပြားမည်မဟုတ်ကြောင်း စိစစ်လေ့လာရရှိပါသည်။

၁၅။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ) ၌ နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်၏ ဥပဒေပါအခွင့်အရေးများကို ခံစားခွင့်ရှိသည်ဟု လည်းကောင်း၊ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၅၃ တို့၌ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့အတွက် နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်သော အခွင့်အရေးများမှအပ နိုင်ငံတော်၏ ဥပဒေပါ နိုင်ငံသားအခွင့်အရေးများကို ခံစားခွင့်ရှိသည်ဟု အသီးသီးသတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများနှင့် စပ်လျဉ်းသည့် နိုင်ငံသားအခွင့်အရေးကို မြန်မာနိုင်ငံသားဥပဒေ၌ တစ်စုံတစ်ရာပြဋ္ဌာန်းထားခြင်း မရှိပါ။

၁၆။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီသည် အဆိုပြုတင်ပြထားသော ဥပဒေကြမ်းကို လေ့လာစဉ်းစားရာ၌ နိုင်ငံသား၏ အဓိပ္ပာယ်၊ နိုင်ငံခြားသား၏အဓိပ္ပာယ်၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတို့ခံစားနိုင်သော နိုင်ငံသားအခွင့်အရေးတို့ကိုလည်းကောင်း၊ ယာယီသက်သေခံ လက်မှတ်ထုတ်ပေးခဲ့သည့် အခြေအနေတို့ကိုလည်းကောင်း အလေးထား လေ့လာခဲ့ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၁၇။ သို့ဖြစ်ပါ၍ အဆိုပြုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အောက်ပါပြင်ဆင်ချက်များ ပြုလုပ်သင့်ပါကြောင်း ဥပဒေကြမ်းကော်မတီ၏ သဘောထားတင်ပြအပ်ပါသည်-

(က) အခန်း (၂)၊ ပုဒ်မ ၄ ပုဒ်မခွဲ (က) ၌ ပြင်ဆင်ရန် အဆိုပြုထားသည့်အတိုင်း နိုင်ငံသားဖြစ်ခြင်းဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်အစားထိုးရန် သဘောတူသင့်ပါသည်။

(ခ) အခန်း (၂)၊ ပုဒ်မ ၅ ပုဒ်မခွဲ (ဃ) ၌ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ပါတီ တည်ထောင်လိုသူများ၏ အမည်၊ အဘအမည် စသည့် မူလပြဋ္ဌာန်းချက်ကို ပြင်ဆင်ရာ၌ ပါတီ တည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင် အမှတ်ဟု ပြင်ဆင်သင့်ပါသည်။

(ဂ) အခန်း (၂)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)၌ ပါတီဝင်များအဖြစ် စည်းရုံးရာတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ခြင်းအစား ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူကို ပယ်ဖျက်၍ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းဟု ပြင်ဆင်သင့်ပါသည်။

(ဃ) ပုဒ်မ ၂၅ - က အဖြစ် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်) မပြဋ္ဌာန်းမီ မူလနိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ တည်ရှိခဲ့

သည့် နိုင်ငံရေးပါတီများသည်၊ ဤပြင်ဆင်သည့်ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော နိုင်ငံရေးပါတီနှင့် ပါတီဝင်များဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းပါတီများကို ဤပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်လုပ်ကိုင် ဆောင်ရွက်ရန်အတွက် သင့်တော်သည့် အချိန်ကာလတစ်ခုကို ကော်မရှင်က ညှိနှိုင်းသတ်မှတ်ပေးရမည်ဟု ဖြည့်စွက်သင့်ပါသည်။

၁၈။ ဤပြင်ဆင်သည့် ဥပဒေနှင့်ဆက်စပ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ကိုင်ဆောင်လျက်ရှိသော မှတ်ပုံတင်သက်သေခံလက်မှတ် (၆)မျိုးရှိသည့်အနက် အရေအတွက်များပြားနေသော အမျိုးသားမှတ်ပုံတင်လက်မှတ်နှင့် ယာယီသက်သေခံလက်မှတ်တို့သည် ဥပဒေအရ ရေရှည်ကိုင်စွဲထားရမည့် လက်မှတ်မျိုးမဟုတ်ပါ၍ ဥပဒေနှင့်အညီကိုင်တွယ်ဖြေရှင်းပြီး ပေးအပ်သင့်သော မှတ်ပုံတင်သက်သေခံလက်မှတ်များကို လဲလှယ်ထုတ်ပေးရန် စနစ်တကျ အလေးထား စီမံဆောင်ရွက်သွားသင့်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ကို လွှတ်တော်က တိုက်တွန်းသင့်ပါကြောင်း တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၄း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ထောက်ခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေးပါတီဆိုတာ နိုင်ငံရေးရည်မှန်းချက်တွေရှိပြီး နိုင်ငံရေးအာဏာကို ရယူပြီးတော့ နိုင်ငံတိုးတက်ကြီးပွားရေးကို လုပ်ဆောင်ဖို့ ဖွဲ့စည်းခဲ့ကြတာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ကံကြမ္မာနဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုဆိုတာ နိုင်ငံရေးပါတီတွေပေါ်မှာ မူတည်ခဲ့တာကို နိုင်ငံတကာမှာလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တွေ့ရှိရပါတယ်။ နိုင်ငံခြားမှာဆိုရင် နာဇီဂျာမနီပါတီကြောင့် ဂျာမန် နိုင်ငံဟာ ဒုတိယကမ္ဘာစစ်ထဲမှာ ပါဝင်လာခဲ့ရပါတယ်။ ထိုင်ဝမ်နိုင်ငံမှာ ဆိုရင်လည်း တရုတ်ပြည်မနဲ့ ပေါင်းလိုတဲ့ ပါတီ၊ မပေါင်းလိုတဲ့ ပါတီ ရှိပါတယ်။ စကော့တလန်မှာဆိုရင်

UK နဲ့ ပေါင်းလိုတဲ့ ပါတီ၊ မပေါင်းလိုတဲ့ ပါတီတွေ ရှိတယ်လို့ သိရပါတယ်။ ဆိုတော့ အဲဒီနိုင်ငံတွေရဲ့ ကံကြမ္မာနဲ့ တိုးတက်မှု၊ ဆုတ်ယုတ်မှုဆိုတာ  အဲဒီ ပါတီတွေပေါ်မှာ မူတည်တယ်။ အဲဒီပါတီတွေကြောင့် အပြောင်းအလဲတွေ ဖြစ်နိုင်တာကို တွေ့ရှိရပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆိုရင်လည်း ဖ.ဆ.ပ.လ ပါတီ၊ မ.ဆ.လ ပါတီတွေအပေါ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ ကံကြမ္မာ မူတည်ခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ နောင်အခါဆိုရင် ကျွန်တော်တို့ နိုင်ငံမှာလည်း တရုတ်ပြည်နဲ့ ပေါင်းလိုတဲ့ပါတီ၊ ဘင်္ဂလားဒေ့ရှ် နဲ့ပေါင်းလိုတဲ့ ပါတီတွေ မပေါ်နိုင်ဘူးလို့ မပြောနိုင်ပါဘူး။ ဒါကြောင့် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုတဲ့ ဥပဒေဟာ သာမန်ဥပဒေ မဟုတ်ပါဘူး။ နိုင်ငံတစ်ခုလုံး အမျိုးသားတစ်ခုလုံး အရေးကိုလွှမ်းခြုံနေတဲ့ အရေးကြီးတဲ့ ဥပဒေ ဖြစ်ပါတယ်။ ဒီလောက် အသက်သွေးကြောတမျှ အရေးကြီးတဲ့ ဥပဒေကို ပြဋ္ဌာန်းတဲ့အခါ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီနဲ့ သမိုင်းကြောင်းတွေကို မမေ့ဖို့ အရေးကြီးပါတယ်။ ပထဝီနဲ့ ပတ်သက်လာရင် မြန်မာနိုင်ငံဟာ တောင်နှစ်လုံးကြားမှာ ရှိတယ်။ တရုတ်နဲ့ အိန္ဒိယတိုက်ကြီးတွေ ကြားမှာညပ်နေတယ် စသည်ဖြင့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်တွေ လွတ်လပ်ရေးမရခင်ကပင် ပြောခဲ့တဲ့ စကားတွေ ရှိပါတယ်။ အခုဆို နှစ်နိုင်ငံ မကပါဘူး။ သုံးနိုင်ငံကြားမှာတောင် ကျွန်တော်တို့ ကျနေပါပြီ။ ဒီလောက် လူဦးရေများတဲ့ နိုင်ငံကြီးတွေကြားမှာ ကြားနေတာကလည်း ကမ္ဘာပေါ်မှာ ကျွန်တော်တို့ တစ်နိုင်ငံတည်းပဲ ရှိပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ မြန်မာနိုင်ငံ ထူးခြားတာက ယုံကြည်မှုတို့၊ အတွေးအခေါ် (ideology) တို့ ပြန့်ပွားရတဲ့အခါ နိုင်ငံတကာမှာ အဲဒါတွေက သက်သက်ဝင်လာတာ ရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ အဲဒီလိုမဟုတ်ပါဘူး။ ကိုးကွယ်ယုံကြည်မှုဝါဒတွေနဲ့အတူ လူတွေလည်းလိုက်ပါလာပါတယ်။ အာရှအရှေ့ပိုင်းနဲ့ အရှေ့တောင်ပိုင်းက မွန်ဂိုလီးယားပြည်၊ တရုတ်ပြည်က စီချွမ်ပြည်နယ်၊ နီပေါ၊ အာသံ၊ မဏိပူရ၊ ကမ္ဘောဒီးယား၊ ထိုင်းနဲ့ မလေးရှား၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နိုင်ငံတွေမှာ ကျွန်တော်တို့ ဒီ မွန်ဂိုလွိုက်လူမျိုးတွေနေတဲ့ နိုင်ငံတွေမှာ ဒီနိုင်ငံတွေမှာ ကိုးကွယ်ယုံကြည်မှုနဲ့ ကွန်မြူနစ်ဆိုရှယ်လစ် ဝါဒလို (ideology) တွေဟာ သူတို့သက်သက်မဲ့ ဒြပ်မဲ့ ဝင်ရောက်လာတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ခြွင်းချက်ပါပဲ။ အနောက်ဘက်ကဝင်လာသည် ဖြစ်စေ၊ အရှေ့မြောက်ဘက်က ဝင်လာသည်ဖြစ်စေ၊ အဲဒီအယူဝါဒတွေနဲ့အတူ လူတွေက အုပ်လိုက် ပူးတွဲပြီးတော့ ဝင်ရောက်လာတာ ဖြစ်ပါတယ်။ အတိအကျဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဒါရာဘီဒီယမ် ဝင်လာတဲ့အခါ လူမျိုးတွေ ဝင်လာတဲ့အခါ ယုံကြည်ကိုးကွယ်မှုလည်း ပြောင်းလဲလာတာ ရှိပါတယ်။

ကျွန်တော်တို့အာရှနဲ့ အရှေ့တောင်အာရှမှာ အဲဒီလိုလူတွေဝင်လာပြီးမှ ယုံကြည်ကိုးကွယ်မှုတွေ ပြောင်းလဲလာတာ မရှိပါဘူး။ အင်ဒိုနီးရှားဖြစ်စေ၊ မလေးရှားဖြစ်စေ၊ ထိုင်းဖြစ်စေ၊ အဲလိုမျိုး မရှိပါဘူး။ လူတွေပါလာရင် ပြဿနာကပိုလို့များလာပါတယ်။ ဒါကြောင့် နိုင်ငံသားတွေနဲ့ပတ်သက်တဲ့ နိုင်ငံရေးပါတီမှတ်ပုံတင်ဥပဒေဟာ ကျွန်တော်တို့ ဘယ်နိုင်ငံမှ တူစရာမလိုပါဘူး။ ထူးခြားနေရမှာ ဖြစ်ပါတယ်။ တူနေပြီဆိုရင်လည်း ကျွန်တော်တို့ လွဲမှားနေတာပဲဖြစ်ပါတယ်။ ဒါမှမဟုတ် ကျွန်တော်တို့ “အ”နေလို့လည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ “အ”နေရင်တော့ ကျွန်တော်တို့သာမက ကျွန်တော်တို့ သားတွေသမီးတွေလက်ထက်မှာ အဲဒါက ဘေးဒုက္ခအကြီးအကျယ်ဖြစ်လာမှာဖြစ်ပါတယ်။ တခြားနိုင်ငံတွေမှာဆိုရင် နိုင်ငံခြားကဝင်တဲ့ လူတွေကို နေထိုင်ခွင့်ပေးပါတယ်။ အလုပ်လုပ်ခွင့်ကို အလွယ်တကူ

မပေးပါဘူး။ အလုပ်လုပ်ခွင့်ရပြီဆိုရင်လည်း ပါတီထူထောင်ခွင့်တို့ နိုင်ငံရေးအခွင့်တွေကို မရပါဘူး။ ကျွန်တော်တို့ အနီးအနားကကြည့်ရင် ထိုင်းနိုင်ငံမှာလည်း ဒီလိုပါပဲ။ ဂျပန် ကျွန်းနိုင်ငံမှာလည်း ဒီလိုပါပဲ။ ကိုယ့်အမျိုးသားလုံခြုံရေးကို အဲဒီလို ဥပဒေအနေနဲ့ ကာကွယ်ထားကြပါတယ်။ သူတို့ သားသမီးတွေကို ယူလိုက်ရင်လည်း သူတို့နိုင်ငံသား ဖြစ်မသွားသေးပါဘူး။

ကျွန်တော်တို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာဆိုရင် ကျွန်တော်တို့ ရှက်ကမာ ခေါ်တဲ့ "သက်"တွေ၊ "ရခိုင်"တွေဟာ ဟိုး ရှေးရှေးကတည်းက နေခဲ့ပါတယ်။ ဒီဟိမဝန္တာတောင်ကုန်းပေါ်မှာကစပြီး ကြည့်ရင် တိဘက်လူမျိုးတွေဟာ မွန်ဂိုလွိုက်တွေပါ။ အဲဒီကစပြီးကြည့်ရင် ဘူတန်၊ ဘူတန်ပြီးတော့ နီပေါ၊ အာသံ၊ မဏိပူရ အဲဒီ ဟိမဝန္တာတောင်ကုန်းတစ်လျှောက်မှာ သမိုင်းစဉ်အဆက်ဆက် ကနေပြီးတော့ ဒီနေ့ထိ ကျွန်တော်တို့ မွန်ဂိုလိုက်လူမျိုးတွေပဲ နေထိုင်ခဲ့တာ ဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ် မှာလည်း ဒီလိုပါပဲ။ ကျွန်တော်တို့ ဒီရှက်ကမာတို့ "သက်" တို့၊ "မြို"တို့ ရခိုင်တို့ မြန်မာတို့ နေပါတယ်။ ဒါပေမဲ့ အခုထိ တိုင်းရင်းသားအခွင့်အရေး မပေးပါဘူး။ တိုင်းရင်းသားလို့ သတ်မှတ်ထားတာ မရှိပါဘူး။

အဲဒါကြောင့်ကျွန်တော်တို့ အနီးအနား မြန်မာတွေ အနီးအနားနိုင်ငံတွေမှာ လူမျိုးရေး၊ လူမှုရေး အခွင့်အရေးတွေ တန်းတူရပြီလားဆိုတော့ မရသေးပါဘူး။ နိုင်ငံရေးအခွင့်အရေးကတော့ ပိုလို့ပိုလို့ ကျွန်တော်တို့နဲ့ ဝေးနေပါတယ်။ သူတို့ဆီမှာ မရဘူးဆိုရင် ကျွန်တော်တို့ဆီမှာလည်း လာပြီးတော့ တောင်းဆိုဖို့ အခွင့်အရေးတွေ မရှိပါဘူး။ ပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ အနီးအနားက နိုင်ငံတွေမှာ ခြံစည်းရိုးဖွင့်ထားသလို ဖွင့်ထားတဲ့နိုင်ငံတွေနဲ့ တွဲပြီးတော့ ယှဉ်တွဲနေရတာ ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံသားဖြစ်မှုကို အခြေခံတဲ့ ဒီနိုင်ငံရေးပါတီ မှတ်ပုံတင်ကိုပိုပြီး တင်းကျပ်ဖို့အကြောင်းပဲ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမဆိုထားပါနဲ့။ ဒီကမ္ဘာမှာ အင်အားကြီး အမေရိကန် နိုင်ငံမှာတောင်မှ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အကျပ်အတည်းရှိပါတယ်။ အမေရိကန်နိုင်ငံဟာနဂိုကပင် သူ့မှာ ပဒေသာ စုံယဉ်ကျေးမှု ရှိပါတယ်။ ဒါပေမဲ့ဝင်လာတဲ့ စပိန်စကားပြော လက်တီနိုတွေက အမေရိကန်ယဉ်ကျေးမှုမှာ ပျော်ဝင်မသွားပါဘူး။ ပြီးတော့ သူတို့ ယဉ်ကျေးမှုကိုတောင် ထိပါးလာပါတယ်။

နောက်ဆုံးတော့ အဲဒီ မက္ကဆီကိုနဲ့နီးတဲ့ ဒေသတွေမှာတောင် အမေရိကန်စကားကိုတောင် ပြောလို့မရတော့ဘူးဖြစ်လာပါတယ်။ အဲဒါနဲ့အမေရိကန်နိုင်ငံလည်းအဲဒီမက္ကဆီကိုနားမှာ တံတိုင်းကာ လိုက်ရပါတယ်။ တံတိုင်းခတ်တာက အမေရိကန်နိုင်ငံဟာ အစောဆုံးထဲမှာပါပါတယ်။ ရုရှားနိုင်ငံ လည်း မလွတ်ပါဘူး။ တရုတ်နယ်စပ် ဆိုက်ဗေးရီးယားဒေသမှာ ခြံစည်းရိုးခတ်ထားပါတယ်။ သူတို့လို ခြံစည်းရိုးတွေ ကျွန်တော်တို့ မခတ်နိုင်ဘူးဆိုရင် ကျွန်တော်တို့ဟာ ဥပဒေနဲ့ ခြံစည်းရိုးခတ်ရမယ့် အခြေအနေ ရှိပါတယ်။ ဒါဟာ Globalization ကိုလည်း စိုးရိမ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ အမျိုးသားလုံခြုံရေးတော့ ကျွန်တော်တို့ လုပ်ဆောင်ရတာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာဆိုရင် အဲလိုဝင်လာတဲ့ စပိန်တွေကြောင့် အမေရိကန်နိုင်ငံရဲ့ သိပ္ပံပညာရှင် ဟန်တင်တန်က Hispanist Challenge ဆိုပြီးတော့ ကျမ်းကြီးတစ်စောင် ထုတ်ဝေခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဒီနေ့ထိ Bangali Challenge တို့ Chinese Challenge ကျမ်းတွေက မပေါ်ပေါက်သေးပါဘူး။ ဒါကြောင့်ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နိုင်ငံသားမဲပေးခွင့်၊ အရွေးခံပိုင်ခွင့် ဥပဒေတွေဟာ တင်းကျပ်ရမယ့်အခြေအနေရှိပါတယ်။ ဒါပေမဲ့ တင်းကျပ်ရမယ့်အစား ကျွန်တော်တို့

တဖြည်းဖြည်းပျော့လာတာကိုပဲ တွေ့နေရပါတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေမှာ ပြည်ထောင်စုမြန်မာနိုင်ငံသားဆိုပြီးတော့ နိုင်ငံသားတစ်မျိုးတည်းသာရှိပါတယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေခေတ်ရောက်တော့ နိုင်ငံသားအပြင် နိုင်ငံသားပြုရသူ ပိုလာပါတယ်။

၁၉၈၉ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေမှာ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအပြင် ဧည့်နိုင်ငံသား ဆိုတာက တိုးလာပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲဥပဒေမှာကျတော့ ပါတီထူထောင်ခွင့်၊ မဲထည့်ခွင့် ရှိသူက ငါးမျိုးဖြစ်လာပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်သူ၊ အမျိုးသားမှတ်ပုံတင်ကတ် ကိုင်ဆောင်သူ၊ ဧည့်နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူ၊ နိုင်ငံသားပြုခွင့်ရလက်မှတ် သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူတွေဖြစ်ပါတယ်။ အဲဒါကြောင့်ဒီကတ်တွေက ကျွန်တော်တို့မြန်မာနိုင်ငံမှာ တော်တော်ပွားများလာတာကိုတွေ့ရှိရပါတယ်။ နိုင်ငံသားစိစစ်ရေးကတ် ဆိုတာက နိုင်ငံသားအဖြစ်ကို စိစစ်ပြီးမှ ထုတ်ပေးရတာဖြစ်လို့ တော်တော်ကလေးသက်သေခံနိုင်တဲ့ ကတ်ပြားဖြစ်ပါတယ်။ ကျန်တဲ့ကတ်ပြားတွေကျတော့ မည်သူမည်ဝါဖြစ်ကြောင်းကိုသာ သက်သေခံထားတာဖြစ်ပါတယ်။ နိုင်ငံသားဖြစ်တယ်လို့ ထောက်ခံပေးထားတာမဟုတ်ပါဘူး။ ကဒ်ပြားပေါ်မှာလည်း အဲဒီလို ရေးထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ဒီအထဲမှာ ဒီယာယီသက်သေခံကတ်ပြား အရပ်အခေါ်ကတော့ white card လို့ခေါ်ပါတယ်။ အဲဒါကတော့ ဒီအထောက်အထားအနည်းဆုံးကတ်ပြားဖြစ်ပါတယ်။ အဲဒီ white card ဆိုတာကို ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးဥပဒေအရ ပေါ်လာတာဖြစ်ပေမယ့်လို့ ထုတ်ပေးထားတာကတော့ နည်းနည်းလေးပါ။ white card ဆိုတာ အသစ်ထုတ်ပေးလို့လည်းမရပါဘူး။ သူ့မတိုင်ခင်က ပျက်ဆီးတယ်၊ ဟောင်းနွမ်း တယ်၊ မှုန်ဝါးပျက်ပြယ်ထားတဲ့ ကတ်တစ်ခု ရှိခဲ့ရပါတယ်။ အဲဒီဟာကို ပြုပြင်ဖို့အတွက် အဲဒီ ကတ်ပြားကို ထုတ်ပေးတာ ဖြစ်ပါတယ်။ ထုတ်ပေးတဲ့အခါမှာလည်း အချိန်ကန့်သတ်ချက်တွေ ရှိပါတယ်။ အချိန်စေ့တဲ့အခါလည်း ကတ်ပြား အသစ်ကိုထုတ်ပေးရပါတယ်။ အဲဒါကြောင့် white card ဆိုတာ အဆင့်သုံးဆင့်ရှိတဲ့အထဲက အလယ်ကအဆင့်တစ်ဆင့်ကို ဖောက်ထုတ်ထားတာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီ white card ဟာ ကျွန်တော်တို့ ဒီ ၂၀၁၀ ရွေးကောက်ပွဲအနီးမှာ ကျွန်တော်တို့ ရခိုင်ဒေသမှာ အများကြီး ဖြစ်လာပါတယ်။ တရုတ်ဒေသတို့ မြန်မာနိုင်ငံအဝန်းမှာလည်း နည်းနည်းတော့ရှိမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့ရခိုင်ဒေသ မှာကျတော့ ဒါက အလွန်တစ်ရာ များပြားလာပါတယ်။ အဲဒါဟာ တည်ဆဲ ၁၉၄၉ ဥပဒေရဲ့တရားကိုယ်နဲ့လည်း မကိုက်ညီပါဘူး။ အဲဒီဥပဒေရဲ့ရည်ရွယ်ချက်ကိုလည်း တလွဲသုံးတာ ဖြစ်ပါတယ်။ ဒီ white card ကိုင်တဲ့ လူတွေဟာ ကျွန်တော်တို့ရခိုင်ပြည်နယ်မှာဆိုရင် (၆)သိန်း (၇)သောင်းရှိပါတယ်။ အဲဒါဟာ ရခိုင်ပြည်နယ် လူဦးရေရဲ့ သုံးပုံတစ်ပုံလောက်နီးပါး ရှိတဲ့ အတွက် ဒါဟာအန္တရာယ်တစ်ခု ဖြစ်လာပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယာယီလက်မှတ်ကိုင်ဆောင်သူဖြစ်စေ၊ ခိုးဝင်သည့် နိုင်ငံသား ဖြစ်လာသည်ဖြစ်စေ၊ နိုင်ငံပေါင်းများစွာမှာ ဇာတိနိုင်ငံသားနဲ့တော့ လူ့အခွင့်အရေးမှာသာ တန်းတူ ရနိုင်ပါ တယ်။ နိုင်ငံရေးမှာတော့ တန်းတူမရပါဘူး။ ဘာလို့လည်းဆိုလို့ရှိရင် နိုင်ငံရေးဆိုတာက ဒီအမျိုးသား လုံခြုံရေးနဲ့ ပတ်သက်နေလို့ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဂရုစိုက်ရပါမယ်။ အမေရိကန်နိုင်ငံမှာဆိုရင် နိုင်ငံသားဖြစ်ဖို့ ကတိသစ္စာပြုရပါတယ်။ နိုင်ငံတော်အလံကိုလည်း အလေးပြုရပါတယ်။

နောက် သူတို့ဘာသာစကားနဲ့ ယဉ်ကျေးမှုကိုလည်း သင်ကြားရပါတယ်။ နိုင်ငံခြားကလာပြီးတော့ ခိုးဝင်သူပဲ ဖြစ်ဖြစ်၊ အနေကြာလို့ နိုင်ငံသားဖြစ်လာသူပဲဖြစ်ဖြစ် သူတို့မှာကိုလည်း အကန့်အသတ် လုပ်ထားပါတယ်။ နိုင်ငံရေးအရလည်း နိုင်ငံခြားရေးဝန်ကြီးအဆင့် အထိကို သူတို့တာဝန်ယူလို့ ရပါတယ်။ သမ္မတဖြစ်ခွင့် မရှိပါဘူး။ ပီရူးနိုင်ငံမှာကျတော့ ရှားရှားပါးပါးပါ။ ခိုးဝင်လာတဲ့ သူရဲ့ သားက သမ္မတဖြစ်သွားတာ ရှိပါတယ်။ အဲဒါက ဥပဒေက ခွင့်ပေးထားလို့ ဖြစ်ပါတယ်။ ဂျပန်လူမျိုး ဖူဂျီမူရီ ဆိုတဲ့လူပါ။ ၁၉၉၀ က ၂၀၀၀ အထိ သမ္မတ ဖြစ်ခဲ့ပါတယ်။ နောက် နိုင်ငံတော်ကိုလည်း သစ္စာမရှိခဲ့ပါဘူး။ အာဏာအလွဲသုံးစားပြစ်မှုတွေနဲ့ သူ ထွက်ပြေးသွားခဲ့ပါတယ်။

ဆိုတော့ အဲဒီလိုဥပဒေတွေ၊ ဟာကွက်ပျော့ကွက်ရှိခဲ့တဲ့ ဥပဒေတွေရှိရင် နိုင်ငံခြားသား တွေက အခွင့်အရေးယူတတ်ပါတယ်။ အဲဒီလို ဖြစ်ရပ်တွေ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မရှိဘူးလားဆိုတော့ ဟို စစ်ပြီးစလောက်မှာတော့ ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၄၇ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေရေးဆွဲတဲ့အခါ အားနည်းချက်တွေနည်းနည်း ရှိပါတယ်။ အဲဒီဝင်ပေါက်က နေပြီးတော့ ပါကစ္စတန် နိုင်ငံက စစ်တကောင်းသားတွေဟာ လွတ်လပ်ရေးရပြီးစ ဖဆပလခေတ်မှာ အမတ်တွေ ဖြစ်လာပါတယ်။ ဘူးသီးတောင်မြို့နယ်မှာဆိုရင် အဒူဂါဖား ဆိုတဲ့ ပုဂ္ဂိုလ်ပါ။ သူက မြန်မာစကားမတတ်ပါဘူး။ အင်္ဂလိပ် လိုပဲ ပြောပါတယ်။ နောက်ပိုင်းမှာ ဆက်တိုက်ဆက်တိုက် သူ လွှတ်တော်အမတ် ဖြစ်ပါတယ်။ အဲဒီတုန်းက လ.ဝ.ကနဲ့ဆိုင်တဲ့ တရားရေးဝန်ကြီးကလည်း အဒူလတစ်ဆိုတဲ့ ပုဂ္ဂိုလ်ပါ။ ပြင်ပမှာလည်း သောင်းကျန်းသူ တွေ မူဂျာဟစ် သောင်းကျန်းသူ ရှိပါတယ်။ ဆိုတော့ အမတ်ရယ်၊ ဝန်ကြီးရယ်၊ အဲဒီသောင်းကျန်းသူတွေက ဒီဟန်ချက်ညီညီနဲ့ ဝင်းရိုးတန်း ဆက်ဆံရေးရှိပြီးတော့ နိုင်ငံခြားသားတွေကို ခိုးသွင်းတယ်။ နေထိုင်ခွင့် ပေးတယ်။ မှတ်ပုံတင်ထုတ်ပေးတယ်။ မြေယာတွေသိမ်းပါတယ်။ လယ်လည်းသိမ်းခဲ့ပါတယ်။ အဲဒီဆိုးကျိုး တွေက ဒီနေ့အထိ ရောက်နေတယ်ဆိုတာ ကျွန်တော်တို့ အားလုံး အသိပါပဲ။ ၁၉၄၇ ဖွဲ့စည်းပုံအုပ်ချုပ်မှု ဥပဒေလို အခု ၂၀၁၀ ရွေးကောက်ပွဲဥပဒေမှာလည်း တံခါးပွင့်သလိုပွင့်နေတာ အဲဒီယာယီလက်မှတ် ကိုင်ဆောင်နေတဲ့ သူ မဲထည့်ခွင့် ရှိတယ်၊ ပါတီထောင်ခွင့် ရှိတယ်ဆိုတာ ဖြစ်ပါတယ်။ အမှန်က ဒီအခွင့်အရေး ဟာ white card ကိုင်ဆောင်တဲ့သူ မပြောပါနဲ့။ ကျွန်တော်တို့မြန်မာနိုင်ငံသား စစ်စစ် တစ်ယောက်က တောင်က အလွယ်တကူမရနိုင်ပါဘူး။ နိုင်ငံတော်ကို သစ္စာစောင့်သိသူတွေမှ ပါတီ ထောင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၊ပုဒ်မခွဲ(ခ)အရ ဖြစ်ပါတယ်။ အဲဒါကြောင့် ယာယီကိုင်ဆောင်သူတွေကို သစ္စာရှိ မရှိ စစ်ဆေးကြည့်ရပါမယ်။

၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနဲ့ စစ်ဆေးရင်လည်း သူတို့က အစစ်ဆေးမခံပါဘူး။ စစ်ဆေးတဲ့သူတွေ၊ တို့တာဝန်အရေးသုံးပါးကို စောင့်ရှောက်တဲ့သူကို သူတို့ကရန်ရှာပါတယ်။ အခြေခံ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)အရ တို့တာဝန်အရေးသုံးပါးကိုစောင့်ရှောက်တဲ့ဝန်ထမ်းတွေကို ရန်ရှာတယ်။ ယာယီကိုင်ဆောင်သူတွေဟာ ရွာထဲကိုအဝင်မခံပါဘူး။ မြန်မာစကား၊ မြန်မာစာကိုလည်း မသင်ချင်ပါ ဘူး။ နိုင်ငံတော် အလံကိုလည်း အလေးမပြုပါဘူး။ နိုင်ငံတော်က အသိအမှတ်မပြုတဲ့ အမည်တွေ ကိုလည်း ခံယူချင်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ)မှာပါတဲ့ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေတဲ့သူတွေမဟုတ်ဘူးဆိုတာက ရှင်းနေပါတယ်။ အဲဒါကြောင့် ဒီ white card ကိုင်တဲ့သူတွေကို ပါတီထူထောင်ခွင့်ပေးရင် ဒါဟာအခြေခံဥပဒေနဲ့ မကိုက်ညီဘူးလို့ ပြောလို့ ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ white card များဟာ ဒီနယ်စပ်ဒေသမှာ ပိုပြီးတော့ များနေပါတယ်။ နယ်စပ်ဒေသမှာ ခွကိုင်နေတဲ့အခါ အန္တရာယ်က အထူးများပါတယ်။ ဒီနယ်စပ်ဒေသမှာရှိတဲ့ သူတွေက ဒီဒုတိယနိုင်ငံရဲ့ တည်ငြိမ်မှုကို အနှောင့်အယှက်ပေးတတ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ပါတဲ့ ကက်ရှ်မီးယား ဒေသမှာ ရှိတဲ့ သူတွေဟာ သူတို့ဇာတိနိုင်ငံကိုသစ္စာခံတာကြောင့် ကက်ရှ်မီးယား အရေးအခင်းဟာ ဒီနေ့အထိ မပြီးသေးတာဖြစ်ပါတယ်။ ထိုင်းနိုင်ငံတောင်ပိုင်းဆိုရင်လည်း ဒီလိုပါပဲ။ အခြေအနေပေးရင် မလေးနဲ့သွားပေါင်းမယ့် အလားအလာရှိပါတယ်။ နောက်ပြီးတော့ ဒီနယ်စပ်ဒေသ တစ်ခုဖြစ်တဲ့ နိုင်ငံတစ်နိုင်ငံက နောက်နယ်စပ်တစ်ခု မှာလူမျိုးတစ်ခု ထိုးဝင်နေပြီဆိုရင် အဲဒါဟာဒေသ တည်ငြိမ်မှုကို အနှောင့်အယှက် ပေးနိုင်တဲ့အနေအထား ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်စတင်တဲ့ ချက်ကိုစလိုဗက်ကီးယား နိုင်ငံမှာ ဂျာမန်စကားပြောတဲ့ ဆူဒေတန်နယ် ဆိုတာ ရှိပါတယ်။ သူတို့ နောက် ဘာလုပ်လဲဆိုတော့ ပြည်သူ့စစ်တွေထောင်ပါတယ်။ နောက်ပြီးတော့ သူတို့နဲ့ ကိုယ် အကြောင်းရှာ ပြီးတော့ ဟစ်တလာ ဂျာမန်တပ်တွေဝင်လာပြီးတော့ ဒုတိယကမ္ဘာစစ်စပြီး ဖြစ်တာပါပဲ။ ဒီရုရှား စကားပြောတဲ့ ဂျော်ဂျီယာ နိုင်ငံထဲမှာ တောင်အိုဆက်တီးယား ဆိုလည်းဒီလိုပါ။ အဲဒီမှာ ရုရှား စကားပြောတဲ့သူက တဖြည်းဖြည်း၊ တဖြည်းဖြည်းများလာတယ်။ များလာတော့ ၂၀၀၈ ခုနှစ်မှာ သူတို့ ပြည်သူ့စစ်တွေ ထောင်တယ်။ အဲဒီနောက်မှာ ရုရှားတပ်တွေဝင်လာပြီးတော့ ဂျော်ဂျီယာ လူမျိုးတွေနဲ့ တိုက်ပွဲဖြစ်ပါတယ်။ နောက်ပြီးတော့ ဂျော်ဂျီယာက တောင်အိုဆီးတီးယားကနေ ခွဲထွက်ပြီးတော့ ရုရှားဖက်ဒရေးရှင်းနဲ့ ပေါင်းဖို့ သူက ကြိုးစားပါတယ်။

အခုတော့ သူက သီးခြားနိုင်ငံ တစ်နိုင်ငံဖြစ်ပေမယ့် ဒီသုံးလေးနိုင်ငံကပဲသူ့ကို အသိအမှတ်ပြုထားပါတယ်။ အခုလောလောဆယ် ဖြစ်နေတဲ့ ကရိုင်းမီးယားကလည်း ဒီအတိုင်းပါပဲ။ ယူကရိန်းမှာ ရှိတဲ့ ခရိုင်းမီးယားဆိုတာ ဟိုတုန်းကတော့ တာတာလူမျိုးတွေနေတဲ့ နေရာပါ။ နောက် တာတာ လူမျိုးတွေကို မောင်းထုတ်လိုက်တယ်။ နောက် အဲဒီနေရာမှာ တဖြည်းဖြည်း ရုရှားလူမျိုးတွေ ဝင်လာ တယ်။ ဆိုတော့ သူ့ပြည်မကြီး အားကိုးနဲ့ သူတို့ခွဲထွက်ဖို့ အခုလောလောဆယ် ကြိုးစားနေ ပါတယ်။

အဲဒါကြောင့် အဲဒီသင်ခန်းစာတွေကို ကျွန်တော်တို့ယူပြီးတော့ နယ်စပ်ဒေသမှာ နိုင်ငံသား အဖြစ်ကို သေသေချာချာစိစစ်ပြီးတော့ အဲဒီနိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်တဲ့သူတွေကို ပါတီထူထောင်ခွင့်ပေးသင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ white card ကိုင်ဆောင်သူတွေကို ဥပဒေရေးရှုထောင့် အရလည်း စစ်ဆေးသုံးသပ်ဖို့လိုပါတယ်။ စစ်ဆေးဖို့နည်းလမ်း သုံးခုရှိပါတယ်။ အဲဒါတွေကတော့ နိုင်ငံသား ဟုတ်/မဟုတ် စစ်ဆေးဖို့၊ ဧည့်နိုင်ငံသားစစ်ဆေးဖို့၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် တို့စစ်ဆေးဖို့ ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ ရှင်းပြခွင့်ပြုပါခင်ဗျား။ နိုင်ငံသားဖြစ်ခွင့်နဲ့ ပတ်သက်ပြီးတော့ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇ တို့မှာ ပြဋ္ဌာန်းထားပါတယ်။ အားလုံး (၁၅)ချက်ပါပါတယ်။ ဒါကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံလည်း ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ ရပါပြီ။ ရပါပြီ။ ဦးခင်မောင်လတ် ရဲ့ဆွေးနွေးချက်မှာ နိုင်ငံရေးကိစ္စ ဆွေးနွေးရာမှာ ဘာသာရေးနဲ့ ပတ်သက်လို့ အနည်းအကျဉ်း ပါဝင်သွားတဲ့အတွက် အဲဒီအချက်တွေကို ကောက်နုတ်ပယ်ဖျက်ကြောင်း ဆုံးဖြတ်တယ်။

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၄း၃၀ နာရီတွင် ရပ်နားပြီး ၁၄း၄၅ အချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၄း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၄၆။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၄း၄၆။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရှိသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်း ဆက်လိုက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ချင်းပြည်နယ်အမှတ် (၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက နိုင်ငံတော်အေးချမ်းသာယာရေး နဲ့ ဖွံ့ဖြိုးရေးကောင်စီအမှတ်၊ ၂/၂၀၁၀ ကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာအပေါ်မှာ ကျွန်တော်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်ထောက်ခံဆွေးနွေးလိုတာကတော့ နိုင်ငံတော်၏ အချုပ်အခြာနဲ့ပတ်သက်တဲ့ ဥပဒေရေးရာ၊ အမျိုးသားရေးရာ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့နှင့် သက်ဆိုင်တဲ့ ဥပဒေရေးရာပြဿနာ ဖြစ်ပါတယ်။ လူမျိုးရေး၊ ဘာသာရေး၊ ဒေသရေးတို့နှင့် ပတ်သက်မှု ရှိတဲ့ ကိစ္စမဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအချုပ်အခြာနဲ့ ပတ်သက်တယ်ဆိုတာဟာ အကျယ်ချဲ့ပြီး အထွေအထူး ပြောနေစရာ မလိုပါဘူး။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သဘောပေါက်ပြီးသား

ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံပဲ ဖြစ်ဖြစ်၊ တခြားမည်သည့် နိုင်ငံပဲ ဖြစ်ဖြစ်၊ ဘယ်စနစ်နဲ့ပဲ သွားသွား၊ နိုင်ငံအရေးအရာကို စီမံခန့်ခွဲမည့်သူကို နိုင်ငံသားစစ်စစ်ဖြင့်သာ ရွေးချယ် တင်မြှောက်ပေး ရပါတယ်။ ဒါကြောင့် နိုင်ငံရဲ့ အချုပ်အခြာအာဏာဟာ မဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသား သို့မဟုတ် ပြည်ထောင်စုသား တိုင်းရင်းသားများဆီက ဆင်းသက်လာတာ ထင်ရှားပါတယ်။ ၂၀၀၈ အခြေခံဥပဒေ ဖွဲ့စည်းပုံပုဒ်မ ၄ မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝှမ်းလုံး၌ တည်သည်ဟု ပြဋ္ဌာန်းထားပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆွေးနွေးတာဟာ သာမန်မဲပေးပိုင်ခွင့်ရှိတဲ့ ပြည်သူ/ပြည်သားများ ဟာ မိမိမဲ(၁)ပြားဟာ နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ဘယ်လောက်အရေးထား တယ်ဆိုတဲ့ အချက်ကို ဆွေးနွေးခြင်းသာ ဖြစ်ပါတယ်။ ယခု ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာဟာ နိုင်ငံအတွက် ပိုအရေးကြီးတဲ့ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနိုင်တဲ့သူ ပါဝင်တဲ့ ပါတီ တည်ထောင်လိုသူများ၊ ပုဂ္ဂိုလ်များ၏ အရေးကိစ္စဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်အတွက်လည်း အလွန်အရေးကြီးတယ်လို့ ကျွန်တော်မြင်ပါတယ်။

ဘာဖြစ်လို့လည်းဆိုရင် ဒီ ပါတီဝင်တွေထဲက ပုဂ္ဂိုလ်တွေကိုပဲ လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်စေနိုင်ခြင်း၊ နိုင်ငံတော်အကြီးအကဲများဖြစ်ခြင်း၊ ဝန်ကြီးများဖြစ်ခြင်းများဟာ ပါတီထဲက ဖြစ်ပေါ် လာတာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဟာလည်း နိုင်ငံတော်၏ အုပ်ချုပ်မှု မဏ္ဍိုင်(၃)ရပ် ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်မှာ ပါဝင်လာတဲ့အတွက် နိုင်ငံတော်အတွက် အရေးကြီးတဲ့ ကိစ္စများကို အဆုံးအဖြတ်ပြုရာတွင် ပြည်ထောင်စုသား တိုင်းရင်းသားများ စစ်စစ်ပါဝင်ဖို့ အထူးလိုအပ်ပါသည်ဟု အထူးယုံကြည်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲကော်မရှင် ဥပဒေအခန်း (၃)၊ အပိုဒ်(၁၂)(ဃ)(၁)၌ ဖော်ပြထားသည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပါဝင်စေရန် ရည်ရွယ်ချက်ကြောင့် ၂၀၁၀ ရွေးကောက်ပွဲ၌ အရွေးခံလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော် ဒုတိယအကြိမ် ပုံမှန် အစည်းအဝေး၌ နိုင်ငံသားဥပဒေနှင့် ညီညွတ်မှုမရှိ၍ နုတ်ထွက်ခဲ့ရတဲ့ အကြောင်းကို ကျွန်တော် မှတ်မိပါတယ်။ ဒါဟာ သင်ခန်းစာတစ်ခုအနေနဲ့ တင်ပြခြင်းသာ ဖြစ်ပါတယ်။ နိုင်ငံသားမဟုတ်သူ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားနှင့် ဆက်နွယ်သူ တစ်ဦးဦးအား နိုင်ငံရေး ပါတီတည်ထောင်သူ သို့မဟုတ် တည်ထောင်သူများအဖွဲ့တွင် ပါဝင်ခွင့်ပြုလိုက်ရင် နိုင်ငံခြားသားတွေလက်ထဲ အချုပ်အခြာ အာဏာကို လွှဲပေးသလို ဖြစ်သွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီ သက်သေခံ ကိုင်ဆောင်ထားသူဟူ၍ ယခုကျွန်တော်တို့ မြန်မာနိုင်ငံမှာ အမျိုးမျိုးရှိပါတယ်။ မည်သည့် လက်မှတ်ကိုင်ဆောင်ပါစေ နိုင်ငံသားစိစစ်ရေးကတ်ပြား မဟုတ်ပါလျှင် ပါတီတည်ထောင်သူ စာရင်း တွင် မပါဝင်သင့်ဘူးလို့ တင်ပြဆွေးနွေးလိုပါတယ်။ ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀ ပြင်ဆင်သည့် အခန်း(၂)၊ အပိုဒ်(၄) မူလနိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်အစား နိုင်ငံသားဖြစ်ခြင်း ဟု ပြင်ဆင် ထားပါတယ်။ ထောက်ခံပါတယ်။

ကျွန်တော့်အနေဖြင့် ဒါ အလွတ်သဘော ဆွေးနွေးတာ၊ နိုင်ငံသားဖြစ်ခြင်းသာမကဘဲ နိုင်ငံသားအစစ်အမှန်ဖြစ်ခြင်းဆိုသည့် စာသား ကျွန်တော်ထည့်ချင်တယ်။ ဒါကြောင့်မို့လို့ ဆွေးနွေး

တာပါ။ ဘာဖြစ်လို့လဲဆိုတော့ စစ်စစ်၊ နိုင်ငံသားစစ်စစ် အခုအခါ ကျွန်တော်တို့ အမျိုးမျိုးကိုင်ဆောင်ထားတဲ့ လက်မှတ်တွေဟာ နိုင်ငံသားအစစ်ထက် အတုများပါတယ်။ ဒါကြောင့် နိုင်ငံသားစစ်စစ်ဖြစ်ခြင်းလို့ ပြောချင်ပါတယ်။ ဥပဒေကြောင်းအရတော့ နိုင်ငံသားဖြစ်ခြင်းဟာ ပြည့်စုံပါတယ်။ ဒါပေမဲ့ အဲဒါ နိုင်ငံသား အစစ်အမှန်ဖြစ်ခြင်းလို့ ထည့်ရင်လည်းပိုပြီးတော့ သင့်လျော်တယ်လို့ ကျွန်တော့်အနေနဲ့တော့ ဒါကို ထည့်သွင်းဆွေးနွေးချင်ပါတယ်။ ဒါကတော့ အလွတ်သဘော ဆွေးနွေးတာပါ။

ဒုတိယ အကြောင်းမှာ ဒီ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံဥပဒေပုဒ်မ ၃ ၌ နိုင်ငံတွင် ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ်၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများ ဖြစ်သည်ဟု ဒါ ဖော်ပြထားပါတယ်။ ထို့နည်းအတိုင်းပဲ အခု အခြေခံဥပဒေပုဒ်မ ၃၄၅ မှာလည်း အောက်ဖော်ပြပါ အရည်အချင်းအရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်ဟု ဖော်ပြထားတယ်။ (က) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ မိဘနှစ်ပါးမှ မွေးဖွားသူ။ (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုသည့်နေ့တွင် ဥပဒေအရ နိုင်ငံသား ပြုပြီးသူ ဒါဟာ နိုင်ငံရဲ့ အရေးကို နိုင်ငံတော်အကြီးအကဲတွေက အထူးပြုတဲ့ အချက်ပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧည့်နိုင်ငံသားဖြစ်ခြင်းနဲ့ ပတ်သက်၍ အနည်းငယ် ဆွေးနွေးလိုပါတယ်။ ၁၉၈၂ ခုနှစ် ဧည့်နိုင်ငံသားနဲ့ပတ်သက်ပြီး ဥပဒေပုဒ်မ ၂၃ မှာ အခုလိုဖော်ပြထားပါတယ်။ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ နိုင်ငံသားဖြစ်ရန် လျှောက်ထားသူများသည် သတ်မှတ်ချက်နှင့်အရည်အချင်းများ ကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်နိုင်သည်လို့ ဖော်ပြထားပါတယ်။

သို့သော် ကျွန်တော်တို့ ဒီအခု စာရင်းအရ ဧည့်နိုင်ငံသားကိုင်ဆောင်ထားသူ (၃၆၀၀၀) ရှိတယ်လို့ စာရင်းအရ တွေ့ရပါတယ်။ အဲဒီ(၃၆၀၀၀)ထဲမှာ ဗဟိုအဖွဲ့ကနေ တရားဝင် လက်မှတ်ပေးတဲ့သူ ဘယ်နှစ်ယောက်လဲလို့ မေးမယ်ဆိုရင် ကျွန်တော် ရှိမယ်မထင်ဘူး။ ဒါကြောင့်မို့လို့ အခုနက အစစ်အမှန်လို့ ကျွန်တော်ဆွေးနွေးခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာထဲမှာ ကျွန်တော် ဖြည့်စွက်ချင်တာ ရှိပါတယ်။ စာမျက်နှာ(၅)မှာ၊ အကြံပြုဖြည့်စွက်ချင်တာက စာမျက်နှာ(၅)မှာ ပြင်ဆင်ရာ၌၊ ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ် နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်အမှတ်ဟု ပြင်ဆင်သင့်ပါသည်လို့ ဖော်ပြတယ်။ ကျွန်တော်က အကြံပြုဖြည့်စွက် စေလိုချင်တာကတော့ အမည်၊ အဘအမည်၊ အမိအမည်၊ ဇနီးသည်အမည်၊ ကိုးကွယ်သည့်ဘာသာကို ထည့်ပေးရင် သင့်မြတ်တယ်လို့ ထင်တယ်။ ဘာကြောင့်လို့လဲဆိုတော့ ကျွန်တော်တို့ပါတီထောင် ကတည်းက ပထမ မူလဥပဒေမှာက ဒါကတော့ ချွတ်ချော်မှုမရှိဘူး၊ ဒါက ဒီမိုကရေစီနိုင်ငံတော် ဦးတည်တဲ့အတွက် ဒါ လွတ်လပ်ခွင့် ပေးတယ်လို့ ကျွန်တော်ယူဆတယ်။ ကောင်းပါတယ်။ သို့သော် ကျွန်တော်တို့ တကယ့်ပါတီတွေ စတင် တည်ထောင်မယ့်အချိန်မှာ၊ ကျွန်တော်တို့က အစည်းအဝေးလုပ်တဲ့အခါမှာ ဒီကိစ္စလေးတွေက ပေါ်လာတာကို ကျွန်တော်တို့ ပေါ်လွင်ပါတယ်။ ဒါဆို ဒီလူဟာပါသင့်/ မပါသင့်၊ ပါတီတည်ထောင် လိုသူတွေထဲမှာ

ဘယ်လိုရှိတယ် ဆိုတာကို ကျွန်တော်တို့ အချင်းချင်း အတွေ့အကြုံ လုပ်ငန်းသဘောအရ ဒါတွေပေါ်တဲ့အတွက် ဒီဟာတွေလည်းပဲ ဒီထဲမှာထည့်လို့ရှိရင် အထိုက်အလျောက် အကျိုးပြုမယ်လို့ ကျွန်တော် တင်ပြဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် နိဂုံးချုပ်အနေနဲ့ ကျွန်တော် ဆွေးနွေးချင်တာက နိုင်ငံတော်အတွက်အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံရေးပါတီများဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အဖက်ဖက်မှ ရှုထောင့်အစုံစုံမှတင်ပြထားသော ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကျွန်တော်ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၄း၅၆။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၆။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ဒုဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းရင်းဂါရဝပြု လိုက်ပါတယ်။ ကျွန်တော်ကတော့ ရေးမြို့နယ်၊ မွန်ပြည်နယ် အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီ ဒေါက်တာအေးမောင် တင်ပြထားတဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပေဒကြမ်း တင်သွင်းခြင်းအပေါ် ကျွန်တော်ထောက်ခံပြီးတော့ ဆွေးနွေးသွားမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီအမြင့်ဆုံး၊ လူ့အခွင့်အရေးစံအမြင့်ဆုံးနိုင်ငံတွေမှာပင်မိမိနိုင်ငံရဲ့ အမျိုးသားလုံခြုံရေး၊ အမျိုးသားအကျိုးစီးပွားနဲ့ယှဉ်သည့် မဟာဗျူဟာမြောက် ရည်မှန်းချက်များ ချမှတ်ပြီးဆောင်ရွက်ကြသည်ကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံသည် ၂၁ ရာစု၏ ပထဝီနိုင်ငံရေး မဟာဗျူဟာဗဟိုချက်၊ ဆုံချက်နေရာတွင် ရောက်ရှိနေသည်ကို အောက်ပါအချက်များကို ကြည့်ရှုသုံးသပ်ရပါတယ်။ (က)ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၁ ရာစုတွင် အာရှ၏ ရာစုအဖြစ်သို့ ဦးတည်နေသည်ဟု ပညာရှင်များက သုံးသပ်ကြပါတယ်။ (ခ) အမေရိကန်နှင့် ဥရောပနိုင်ငံ၏ အထွေထွေအကျိုးစီးပွားမဟာဗျူဟာသည် အာရှနှင့်ပစိဖိတ်ဒေသသို့ အာရုံစူးစိုက်နေသည်ကို ထင်ရှားပြသနေပါသည်။(ဂ) တရုတ်၏ဖွံ့ဖြိုးမှုအင်အားကြီးထွားလာမှု နှင့် ၎င်း၏ တောင်မျှော်ယူဝါဒ၊ တောင်ဘက်မျှော်ယူဝါဒ South Look Policy မှသည် Two Ocean Policy သမုဒ္ဒရာ နှစ်စင်းယူဝါဒကို လျင်မြန်စွာအကောင်အထည်ဖော်လာကြခြင်း၊ (ဃ) အိန္ဒိယ ပြည်ကလည်းပဲ တရုတ်နှင့်အပြိုင် Look East Policy အရှေ့မျှော်ဝါဒ၏ အိန္ဒိယသမုဒ္ဒရာ လုံခြုံရေးအတွက် မဟာဗျူဟာမြောက် ချဉ်းကပ်မှုများဖြင့် တာစူ ဆောင်ရွက်နေပါတယ်။ (င) မြန်မာနိုင်ငံသည် သယံဇာတပေါများကြွယ်ဝသော နယ်မြေကျယ်ဝန်းသလောက် လူဦးရေလည်းနည်းပါးကာ လူမျိုးစုများပြားသလောက် ညီညွတ်မှု လျော့ရဲကာ တောင်အာရှနဲ့တောင်အာရှမြန်မာ အမြန်လမ်းမကြီးရဲ့ ပထဝီနိုင်ငံရေး ဆက်ကြောင်း အပေါ် ခွစီးထိုင်မိလျက်သား ဖြစ်နေပါတယ်။

မြန်မာနိုင်ငံသည် အမြန်နှုန်းဖြင့် လူဦးရေပေါက်ဖွားမှု (၃)နိုင်ငံဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် အကြားတွင် ရှိနေပါတယ်။ မြန်မာတို့၏ ဒီမိုကရေစီ အရွေ့နှစ်နှစ်ကာလအချိန် တိုခရီးမှာ၊ နှစ်နှစ်ကျော်၊နှစ်နှစ်ခွဲကာလအချိန်တိုခရီးမှာ အထက်ပါစိန်ခေါ်မှုများနှင့်အတူ ပါတီစုံစနစ် အတွင်းက နိုင်ငံရေးပါတီများ၏ မူဝါဒ ရည်မှန်းချက်များသည် အနာဂတ်မြန်မာနိုင်ငံ၏ ရေရှည် မဟာဗျူဟာနဲ့ အချုပ်အခြာအာဏာအပေါ် ခြိမ်းခြောက်စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးအတွက် ဦးတည်ချက် ထားနိုင်ရမည်သာဖြစ်သည်။ ပါတီနိုင်ငံရေးသည် နိုင်ငံတော်၏ အချုပ်အခြာ အာဏာ သုံးရပ်ကို ပြည်သူများကိုယ်စား ရွေးကောက်ပွဲမှတစ်ဆင့် ချုပ်ကိုင်နိုင်ရန် နိုင်ငံရေးနည်းအရ ဦးတည် ရည်ရွယ်လျက်ဖွဲ့စည်း ထားနေခြင်းဖြစ်ပါတယ်။ ပါတီများ၏ မူဝါဒလုပ်ငန်း စဉ်များလည်း ပါတီကို ဦးဆောင်သူများသည်လည်းကောင်း၊ ထောက်ခံသူများသည်လည်းကောင်း အမျိုးသား လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့နဲ့တိုက်ရိုက် ဆက်စပ်လျက်ရှိသည်သာ ဖြစ်သည်။

တည်ဆဲနိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းဥပဒေ နအဖ ဥပဒေအမှတ်(၂) ၂၀၁၀ ၌ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့်မကိုက်ညီသော အလွန်အရေးကြီးသည့်ပြဋ္ဌာန်းချက်အချို့ကို ယင်းဥပဒေ အခန်း(၂) ပုဒ်မ ၄ (က)တွင်လည်းကောင်း၊ ပုဒ်မ ၅ (ဃ)တွင်လည်းကောင်း၊ ပုဒ်မ ၁၀ (က)တွင် လည်းကောင်း ပါရှိနေသည်ကို တွေ့ရှိရပါသည်။ ပါတီထူထောင်လိုသူများကို ပုဒ်မခွဲ ၄ (က)တွင် နိုင်ငံသားမဖြစ်သေး/ မဟုတ်သေးသည့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီ သက်သေခံ လက်မှတ်ကိုင်ဆောင်ထားသူတို့ကို ခွင့်ပြုထားသည်။ ထိုနည်းတူစွာ ပါတီဝင် အဖြစ် စည်းရုံးခွင့်ကို ပုဒ်မ ၁၀(က)၌လည်း နိုင်ငံသား မဖြစ်သေး/မဟုတ်သေးသည့် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံကို ကိုင်ဆောင်ထားသူတို့ကို ခွင့်ပြုထားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာအတွက် အလွန်အရေးကြီးသည့် နိုင်ငံ၏ ကံကြမ္မာကို ဆွေးနွေး၊ ချမှတ်၊ ဦးဆောင်၊ အုပ်ချုပ်၊ ဥပဒေပြုကြမည့် ကဏ္ဍတွင် အရေးကြီးသည့် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ကို အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားသည်မှာ နိုင်ငံရေးပါတီတစ်ရပ်သည် ပုဒ်မ ၄၀၄ (က)မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက် ထားရှိရမည်။ ပုဒ်မ ၄၀၄ (ခ)မှာ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရိုသေရမည်။

သို့ဖြစ်ပါ၍ နိုင်ငံသားပင်မဖြစ်သေးသူများသည် မွေးရာပါနိုင်ငံသား၊ တိုင်းရင်းသားများ ကဲ့သို့ တို့တာဝန်အရေးသုံးပါးကို ဦးတည်ချက်ထားခြင်း၊ နိုင်ငံကျေးဇူးသစ္စာကိုစောင့်သိရိုသေခြင်း ရှိမည်/ မရှိမည်ကို စဉ်းစားကြည့်ရုံနှင့် သိနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီ၏ မူဝါဒလုပ်ငန်းစဉ် များသည် အမျိုးသားလုံခြုံရေးနှင့်အမျိုးသားအကျိုးစီးပွားမဟာဗျူဟာ နှင့်တိုက်ရိုက်ဆက်စပ်လျက် ရှိရမည်သာဖြစ်သည်။ သို့ဖြစ်၍ ပါတီထူထောင်လိုသူများ၊ ထူထောင်သူများ၊ ပါတီဝင်များသည် ပြည်ထောင်စုအပေါ် အမျိုးသားသစ္စာရှိမှု အမြင့်ဆုံးအဆင့်တွင် ရှိရန်လိုအပ်ပါသည်။

ဒါကြောင့် မွေးရာပါနိုင်ငံသားမဟုတ်လျှင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူအနိမ့်ဆုံးဖြစ်ရန် လိုအပ်ပါတယ်လို့ နိုင်ငံသား၏ အဓိပ္ပာယ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ တွင် ပုဒ်မ ၃၄၅ ဖြင့် အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၄၅ (က) ပြည်ထောင်စု သမ္မတနိုင်ငံတော်၏ တိုင်းရင်းသား

မိဘနှစ်ပါးမှ မွေးဖွားသူ၊ ပုဒ်မ ၃၄၅(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူဟု ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံရေးပါတီ ထူထောင်ခြင်းသည် ပါတီစုံ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးကောက်ခံရန်သာဖြစ်သည်။ နိုင်ငံရေးပါတီများ မှတ်ပုံ တင်ခြင်း ဥပဒေ ပုဒ်မ ၁၂၊ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ်(၁)အရ မဲဆန္ဒနယ်(၃)ခုတွင် မပြိုင်လျှင် ပါတီ ဆက်လက်ရပ်တည်ခွင့် မရှိစေရ။ ပါတီစုံ ရွေးကောက်ပွဲအတွက် ရွေးကောက်တင်မြှောက်ခြင်း၊ ရွေးကောက်တင်မြှောက်ခံခြင်းတို့သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၆၉ (က)အရ နိုင်ငံသားများ၏ အခွင့်အရေးသာ ဖြစ်သည်။ နိုင်ငံသား မဟုတ်သူများ၏ အခွင့်အရေးမဟုတ်ပါ။ အခြေခံဥပဒေ အရလည်း ခွင့်မပြုပါ။ ပုဒ်မ ၃၆၉ (က)၌ ဤကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေ၌ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့် နှင့် တင်မြှောက်ခံပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ဥပဒေ အရ နိုင်ငံသားအဖြစ် ဖြစ်ခွင့်နှင့် ပတ်သက်၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် မည်သူတို့ နိုင်ငံသားဖြစ်သည်ကို အောက်ပါ အတိုင်း ပြဋ္ဌာန်းထားပါတယ်။

နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားကိုဆိုသည်။ ပုဒ်မ ၃ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားဖြစ်သည်။ ပုဒ်မ ၅မှာ တိုင်းရင်းသားတိုင်းသည် လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများသည် လည်းကောင်း မွေးရာပါ နိုင်ငံသားဖြစ်သည်ဟူ၍ ပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ ပါတီ၊ နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄ (က)၊ ၅(ဃ)၊ ပုဒ်မ ၁၀ (က)ပါ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၉ (က)၊ ပုဒ်မ ၃၄၅ (က)၊ (ခ)နဲ့ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေ ပုဒ်မ ၂ (ခ)၊ ပုဒ်မ ၃၊ ပုဒ်မ ၅ တို့နဲ့ ညီညွတ်စေရန် ဒေါက်တာအေးမောင် တင်ပြသည့် ဥပဒေကြမ်းကို ကျွန်တော်ထောက်ခံပါတယ်။ ဒီအပြင် ခုနက တင်ပြသွားတဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ သဘောထားမှတ်ချက်မှာ ကျွန်တော်အနည်းငယ် ထောက်ပြဝေဖန်လိုပါတယ်။ စာမျက်နှာ (၅)မှာ ပါတီထူထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ် နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အမျိုးသားမှတ်ပုံတင်အမှတ် ဟုပြင်ဆင်သင့်ပါသည် ဆိုတဲ့အပိုဒ်မှာ ကျွန်တော်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ဆိုတာနဲ့ လုံလောက်ပါတယ်။

အမျိုးသားမှတ်ပုံတင်အမှတ် ဆိုတာက ဒါက ဒီမှတ်ပုံတင်ကို လဲလှယ်ခြင်း၊ စိစစ်ခြင်း မလုပ်ရသေးလို့ ဒီအမျိုးသားမှတ်ပုံတင် ဆိုတာရှိတာ။ ဒါကို ကျွန်တော်တို့ လူဝင်မှု ကြီးကြပ်ရေး ကနေပြီးတော့ ဒါကိုစိစစ်ပြီးတော့ အမျိုးသား၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအဖြစ်ကို ထုတ်ပေးရင် ဒါက သင့်တော်တယ်။ စိစစ်လည်း စိစစ်သင့်ပါတယ်။ အဲဒီတော့ အဲဒီနေရာမှာ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်ဆိုတာ တစ်ခုတည်းနဲ့ ထည့်စေချင်တယ်။ သို့မဟုတ် အမျိုးသားမှတ်ပုံတင်အမှတ် ဆိုတဲ့ဟာက ကျွန်တော့်အနေနဲ့က မထည့်သင့်ဘူးလို့မြင်တယ်။ နောက်ပြီးတော့ နောက် (ဂ) အပိုဒ်မှာ ပါတဲ့ အခန်း(၂)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၌ ပါတီဝင်များအဖြစ် စည်းရုံးရာတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံ လက်မှတ် ကိုင်ဆောင်ထားသူများ ဖြစ်ခြင်းအစား

ယာယီသက်သေခံ လက်မှတ် ကိုင်ဆောင်ထားသူကို ပယ်ဖျက်၍ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများဖြစ်ခြင်း ဆိုတဲ့နေရာမှာ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများ ဆိုတဲ့ဥစ္စာလည်း ကျွန်တော်တို့ မထည့်သင့်ဘူး။

ဒီဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကို တကယ်မှာတော့ ကျွန်တော်တို့ စိစစ်ပြီးတော့ နိုင်ငံသား စိစစ်ရေးကတ်ပြားကို ထုတ်ပေးသင့်တယ်။ အဲဒီတော့ ဒီမှာ ကျွန်တော် ဆွေးနွေးသွားပြီးတဲ့ ကျွန်တော်တို့ နိုင်ငံရဲ့ ဦးဆောင်မှုအခန်းအတွက် ပါတီထူထောင်တယ်။ နောက်ပြီးတော့ ဒီတိုင်းပြည်ရဲ့ ဦးဆောင်မှု အခန်းအတွက် ဒီနိုင်ငံသားတွေက ရွေးချယ်တင်မြှောက်တယ်။ အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ဘယ်နိုင်ငံမှာမဆို နိုင်ငံသားမဟုတ်တဲ့ သူကနေပြီးတော့ တိုင်းပြည်ကို ဦးဆောင်ဖို့အခွင့်အရေး၊ တိုင်းပြည်ကိုဦးဆောင်ဖို့အတွက် ရွေးချယ်တင်မြှောက်တဲ့ အခွင့်အရေးဟာ မပေးကြဘူး။ ကျွန်တော်တို့လည်း မပေးသင့်ဘူး။ ဒါပေမဲ့ လူ့အခွင့်အရေးအပိုင်းမှာကျတော့ အပြည့် ဒါနိုင်ငံရေးပိုင်း၊ အုပ်ချုပ်ရေးပိုင်း၊ တိုင်းပြည်ကို ဦးဆောင်မယ့်အပိုင်းမှာ ဒါကျွန်တော်တို့ အလေးအနက်ထားပြီးတော့ ဒီဥပဒေမှာ ပြတ်ပြတ်သားသား၊ တိတိကျကျ ကျွန်တော်တို့ အတည်ပြုထားဖို့ကောင်းပါတယ်လို့ ကျွန်တော် အကြံပြုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တစ်ခု ခွင့်တောင်းချင်တာကတော့၊ ခွင့်ပန်ချင်တာ ဘာလဲဆိုတော့ ကျွန်တော် ဥက္ကဋ္ဌကြီးကို ခွင့်မတောင်းဘဲနဲ့ စာဖတ်ပြောတယ်။ နောက်ပြီး အင်္ဂလိပ်စာလုံးလည်း အချို့ပါသွားတာကို ခွင့်မတောင်းမိတဲ့အတွက်ကြောင့် ခွင့်လွှတ်ပါ။ ကျွန်တော်တို့ နိုင်ငံဟာ အခြေခံဥပဒေ၊ အခုကျွန်တော်တို့ ကျင့်သုံးနေတဲ့ အခြေခံဥပဒေ ပုဒ်မ ၄ မှာ ဖော်ပြထားတာကတော့ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝှမ်းလုံး၌ တည်မည်ဆိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အလေးအနက်ထား စဥ်းစားဆုံးဖြတ်နိုင်ရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၁၁။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင်က ရိုသေဂါရဝပြုပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ အခု နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို ထောက်ခံဆွေးနွေးသွားဖို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၁၀) ပုဒ်မ ၄ မှာ ပါတီထူထောင်လိုသူများသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်လို့ ဖော်ပြထားပြီးတော့ ပုဒ်မခွဲ

(၈)ခုခွဲပြီးတော့ ဖော်ပြထားပါတယ်။ အဲဒီ ပုဒ်မခွဲ(၈)ခုအနက် ပုဒ်မခွဲ(က)မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ခွင့် ရသူဖြစ်ခြင်းလို့ ဖော်ပြထားပါတယ်။ ၎င်းအပြင် ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)တွင် ပုဒ်မ ၄ ပါအချက်များနှင့် ညီညွတ်သော ပါတီထူထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့် လက်မှတ်အမှတ် သို့မဟုတ် ယာယီသက်သေခံလက်မှတ်အမှတ် တို့ကိုတင်ပြ၍ လျှောက်ထားရမည်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် ပုဒ်မ ၁၀ မှာ ပါတီဝင်များ စည်းရုံးရာတွင် အောက်ပါ အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ပါတီဝင်အဖြစ် စည်းရုံးရမည်လို့ ဖော်ပြထားပြီး ပုဒ်မခွဲ(က)မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ခြင်းလို့ ဖော်ပြထားတာတွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ၂၀၀၈ ရဲ့ အခန်း(၈)မှာ နိုင်ငံသား / နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်း ပုဒ်မ ၃၄၅ မှာ အောက်ဖော်ပြပါ အရည်အချင်း တစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်လို့ ဖော်ပြထားပါတယ်။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ (ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသား ဖြစ်ပြီးသူများ ဆိုပြီးတော့ နိုင်ငံသားဖြစ်ရမယ့်သူတွေရဲ့ အရည်အချင်းကို အတိအကျ ဖော်ပြထားပါတယ်။ ဒီပြဋ္ဌာန်းချက် တွေထဲမှာ ဧည့်နိုင်ငံသား ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူ ဆိုတဲ့ စကားရပ်တွေက တစ်ခုမျှ မပါရှိပါဘူး။ နိုင်ငံရေးပါတီ ထူထောင်သူတွေ နိုင်ငံရေးပါတီဝင်တွေဟာ နိုင်ငံသားတွေသာ ဖြစ်ရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ နိုင်ငံတော်အေးချမ်း သာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀ ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ နဲ့ ကွဲလွဲနေပါတယ်ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၉ မှာ ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဥပဒေအားလုံး၏ အခြေခံ ဥပဒေဖြစ်သည်လို့ ပြဋ္ဌာန်းထားပါကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၂၀၀၈ ရဲ့ အခန်း(၁၀) နိုင်ငံရေးပါတီများရဲ့ ကဏ္ဍ ပုဒ်မ ၄၀၄ မှာ နိုင်ငံရေးပါတီတစ်ရပ်သည် (က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက် ထားရှိရမည်။ (ခ) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ နိုင်ငံရေးပါတီတစ်ရပ်ဆိုတာ နိုင်ငံသားများနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီ တစ်ရပ်ကို ဆိုလိုတာ ဖြစ်ပါတယ်။ ဧည့်နိုင်ငံသားများ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူများနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံရေး ပါတီတစ်ရပ်ကို ဆိုလိုခြင်း မဟုတ်ပါဘူးလို့ ကျွန်တော် ယူဆပါတယ်။ အဲဒါကြောင့် နိုင်ငံရေးပါတီများရဲ့ မှတ်ပုံတင်ခြင်း ဥပဒေ ပြင်ဆင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀ ကို ပြင်ဆင်တဲ့ ဥပဒေကြမ်း)ကို ထောက်ခံတိုက်တွန်းရင်း ကျွန်တော် နိဂုံးချုပ်ပါတယ် ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။

**အချိန်၊ ၁၅း၁၇။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးဌေးဝင်း(ခ) ဦးဇာယာဒ်ရော်မံ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၁၇။**

**ဦးဌေးဝင်း(ခ) ဦးဇာယာဒ်ရော်မံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရှိသေလေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများကို ကျွန်တော့်အနေနဲ့ အထူးဂါရဝပြု လေးစားပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဖတ်ရှုတင်ပြပေးဖို့ ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ်မှာ အနည်းငယ် ဆွေးနွေးလိုပါတယ်ခင်ဗျား။ အစီရင်ခံစာရဲ့ စာမျက်နှာ ၃ အမှတ်စဉ်(၁၁) အပိုဒ်ခွဲငယ်(င)မှာပါရှိတဲ့ ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူလို့ ဖော်ပြထားတဲ့ ရှစ်သိန်းခွဲသောပြည်သူများသည် များသောအားဖြင့် ကျွန်တော့်ဒေသမှာရှိတဲ့ လူတွေ ဖြစ်တယ်။ ဒီလူတွေနဲ့ပတ်သက်လို့ ကျွန်တော် အကြောင်းအရာလေးကို အတိုချုံးပြီးတော့ ကျွန်တော် ရှင်းလင်း တင်ပြပေးပါမယ် ခင်ဗျ။ ဒီဒေသမှာရှိတဲ့ ဒေသခံပြည်သူ မူဆလင်များသည် ဘိုးစဉ်ဘောင်ဆက် ဒီဒေသမှာ နေလာပြီးတော့ အစိုးရအဆက်ဆက်မှ နိုင်ငံသားများ၏ အမြင့်ဆုံး အခွင့်အရေးဖြစ်တဲ့ လွှတ်တော် ကိုယ်စားလှယ်အဆင့်ဆင့် အရွေးခံရခြင်း၊ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် အရွေးခံရခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်းများအပြင် နိုင်ငံ့ဝန်ထမ်းများလည်း အသီးသီးရရှိခဲ့ပါတယ်။

အခုလို ဒီမိုကရေစီခေတ်ကို ရောက်ရှိလာတဲ့ အချိန်မှာလည်း အားလုံးသိရှိတဲ့ အတိုင်းပဲ အဆက်ဆက် အရွေးခံခဲ့ရတာလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီ မ.ဆ.လ တစ်ပါတီစနစ်မှာလည်း ဒီလိုမျိုးပဲ ရရှိခဲ့ပါတယ်။ ဒီကနေ့ ဒီအချိန်ထိ ရရှိတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလို ရောက်လာခြင်းသည် ကျွန်တော်တို့ရဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက သူ့ရဲ့ မှန်ကန်တဲ့ လုပ်ရပ်တစ်ခုအပေါ်မှာ ဒီနေရာကို ရောက်ရှိလာခြင်းလည်း ဖြစ်ပါတယ်။ လ.ဝ.က ဝန်ကြီးဌာနကလည်း မှန်မှန်ကန်ကန် စိစစ်ပြီးတော့ပဲ ဒါကြီးကို လုပ်လာတာ ဖြစ်ပါတယ်။ ဘယ်သူ့ကြောင့် ဘယ်သူ့မှားယွင်းမှုကြောင့် ဒီနေရာကို ရောက်ရှိလာခြင်း မဟုတ်ရပါဘူးခင်ဗျား။ မှန်မှန်ကန်ကန် ပြောရမှာပါပဲ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံခြားသားကို နိုင်ငံသားလုပ်ပေးတာတော့ ဘယ် လ.ဝ.က ဝန်ကြီးဌာနမှ ကျွန်တော်တို့ မတွေ့ရပါဘူး။ ရသင့်ရထိုက်တဲ့ အမြင့်ဆုံးအခွင့်အရေး တစ်ခုထဲကနေ မပေးဘဲနဲ့ အနိမ့်ဆုံးအဆင့်တစ်ခုကို ပေးရတာပဲ တွေ့ရှိရတာပဲ ကျွန်တော်တို့ တွေ့ရ ပါတယ်။

ဒါကြောင့်မို့လို့ ဒီနေရာမှာ ကျွန်တော်တို့က လ.ဝ.က ဝန်ကြီးဌာနကို အပြစ်ပြောတာလည်း ကျွန်တော့်အနေနဲ့ ပြီးတော့သူတို့ဘက်က ဘက်လိုက် ပြောတာတော့ မဟုတ်ပါဘူး။ သူတို့ မှာ

အပြစ်မရှိပါဘူး။ သူတို့အမြင့်ဆုံး မပေးဘဲနဲ့ အနိမ့်ဆုံးတစ်ခုကိုပဲ ပေးတာကိုပဲ ကျွန်တော်တို့ တွေ့ရတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော့်ဒေသအခြေအနေကို ကျွန်တော် တင်ပြတာပါ။ တခြားဒေသကိစ္စတော့ ကျွန်တော် မသိပါဘူးခင်ဗျာ။ ဥပမာ ကျွန်တော် ဒီဒေသမှာရှိတဲ့ လူတွေအကြောင်း၊ ဒီရခိုင်ပြည်နယ် မောင်တောခရိုင်ဒေသမှာရှိတဲ့ လူတွေအကြောင်း ပြောရရင် ကျွန်တော့်ကို ကျွန်တော် အရင်ပြောရမှာ ဖြစ်ပါတယ်။ ကျွန်တော်က အခု အသက် (၅၀) ရှိပါပြီ။ ကျွန်တော့်အဖေကတော့ အသက် (၈၃) နှစ်လောက် ရှိပါပြီ။ သူက အငြိမ်းစား မူလတန်း ကျောင်းဆရာ ဖြစ်ပါတယ်။ ကျွန်တော့်အဖေရဲ့ အဘိုး (၄)ယောက်ရှိတယ်။ (၄)ယောက်လုံးက ဝန်ထမ်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အမေဘက်က အဘိုးက လည်း ဝန်ထမ်းပဲ ဖြစ်ပါတယ်။ အငြိမ်းစားဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်ရဲ့ အဘိုးတွေရဲ့ အဘေးညီအစ်ကိုတွေက ဒီဒေသမှာ ရောက်ပြီးတော့ ဒီဒေသမှာ ချမ်းသာလို့ အဘေးတွေရဲ့ အဖေက ချမ်းသာလို့ သူတို့က နိုင်ငံခြားကို ပညာတော်သင် သွားကြတယ်။ ဒီဒေသကိုဖွံ့ဖြိုးအောင် လုပ်တယ်ဆိုတော့ ဒီလူတွေက နှစ်ပေါင်း ဘယ်လောက်ကြာ ကတည်းက ဒီဒေသမှာ ဒီရွာကိုကတည်းက ဒီလူတွေကပဲ တည်ထောင်လာတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို အစဥ်အဆက်နဲ့ နိုင်ငံတော်အစိုးရက အသေအချာသိလို့ ဒီဒေသမှာရှိတဲ့ လူတွေကို ဒီအခွင့်အရေး တွေပေးရတာ ဖြစ်တယ်။ ဘယ်သူ့ကြောင့် ဘယ်သူရဲ့ တိုက်တွန်းချက်မှုပါလို့ ပေးတာ မဟုတ်တဲ့ အကြောင်းကို ကျွန်တော် တင်ပြလိုပါတယ်။

ဒီကနေ့ ကျွန်တော်တို့ရဲ့ MEc ဆိုတဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှာ ကျွန်တော့်အဘွားရဲ့ သားအကြီးဆုံးက MEc မှာ Advertiser လုပ်နေပါတယ်။ လက်ရှိ မြင်းခြံ စီမံကိန်းတွေကို သူ့ ရဲ့ Plan တွေပဲ ဖြစ်ပါတယ်။ မြင်းခြံစီမံကိန်းတွေ ကျွန်တော်တို့ ခေတ်အဆက်ဆက်မှာ ကျွန်တော်တို့ ဒီအခွင့်အရေးတွေ အကုန်လုံးကို ရရှိတာ ဖြစ်တဲ့အကြောင်းကို ဒီဒေသမှာ အစဥ်အဆက် နေလာပြီးတော့ နိုင်ငံတော်ကလည်း အစဥ်အဆက် အခွင့်အရေးပေးတာကို ကျွန်တော် တင်ပြခြင်း ဖြစ်တယ်။

နောက်ဆုံး ကျွန်တော်တို့က ၁၉၉၃ ခုနှစ်ကနေ စပြီးတော့ ကျွန်တော်တို့ဒေသမှာ အထူးစီမံကိန်းတစ်ခုနဲ့ မှတ်ပုံတင် အမျိုးသားမှတ်ပုံတင်ခေတ်အဆက်ဆက် ကိုင်လာတဲ့ မှတ်ပုံတင်ကတ်ကို အတင်းအဓမ္မ သိမ်းပြီးတော့ အဖြူကတ်တွေကို အားလုံးကို ပေးကြတယ်။ ပေးကြတဲ့အပေါ်မှာ အခုလို လွှတ်တော်ထဲမှာလည်း ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အချေအတင် လွှတ်တော်ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ဖြုန်းတီးနေရတာ ဖြစ်ပါတယ်။ အမှန်တကယ်ကတော့ အမျိုးသားမှတ်ပုံတင်ကတ်ကို နိုင်ငံသားစိစစ်ရေးကတ်ပြား နဲ့ မဟုတ်ရင် ရသင့်ရထိုက်တဲ့ကတ်ပြားတစ်ခုနဲ့ လဲရမယ့်အစား အဲဒါကို လ.ဝ.က ဝန်ကြီးဌာနက မလုပ်ဘဲနဲ့ကို အဖြူကတ်တစ်ခုကို အလွယ်တကူ ပေးလိုက်ပြီးတော့ အဖြူကတ်ရဲ့ ၁၉၅၁ ခုနှစ် ဥပဒေအရရော အဖြူကတ်သည် ယာယီကတ်ပြားတစ်ခုဖြစ်ပြီးတော့ အချိန်အကန့်အသတ်တစ်ခု ရှိပါတယ်။ အဲဒီ အချိန်အကန့်အသတ် တစ်ခုအတိုင်းလည်း မလုပ်ဘဲနဲ့ နှစ်ပေါင်း (၂၀)၊ (၂၀)ကျော် ကာလထိ ဆွဲတဲ့အပေါ်မှာ အခုလို အကျိုးဆက်တွေ ပေါ်လာခြင်း ဖြစ်ပါတယ်။ အမှန်တကယ်က ဒီလူတွေက တကယ် ခေတ်အဆက်ဆက်လည်း ရလာခဲ့တယ်။

၉၃ ခုနှစ်နောက်ပိုင်းမှာ ဒီအဖြူကတ်ပေးတဲ့အပေါ်မှာ လူတွေရော ဒီလို လုပ်လာတဲ့ဟာသည် နိုင်ငံတော်ရဲ့ ဥပဒေအဆက်ဆက်နဲ့လည်း ညီညွတ်မှု မရှိပါဘူး။ ဒါတွေကို ကျွန်တော်တို့က အမြန်ဆုံး နိုင်ငံတော်အစိုးရအနေနဲ့ သူတို့ရဲ့ ရသင့်ရထိုက်တဲ့ ကတ်ပြားတစ်ခုကို အမြန်ဆုံးပေးဆောင်မှပဲ

ဒီကိစ္စကို ဖြေရှင်းလို့ရပါမယ်။ အခု လက်ရှိဆွေးနွေးတဲ့ ဥပဒေကိုလည်း ကျွန်တော့်ဘက်က ကန့်ကွက်တာ မဟုတ်ပါဘူး။ တကယ်ဖြစ်သင့်ဖြစ်ထိုက်တာက တကယ်လို့သာ ဒီလူတွေကို အဖြူကတ်ပေးပြီးတော့ တစ်ခါ ဒီဥပဒေတစ်ခုကို ဆုံးဖြတ်လိုက်ပြီဆိုရင် ဒီဥပဒေကို အာဏာတည်အောင်လုပ် လိုက်တယ်ဆိုရင် ဒီလူတွေရဲ့ နိုင်ငံသား အခွင့်အရေးတွေကို ထပ်မံဆုံးရှုံးရမှာ ဖြစ်ပါတယ်။ ဒီလူတွေကို နိုင်ငံတော်မျက်နှာစာမှာ သိမ်ငယ်အောင် မျက်နှာငယ်အောင်လုပ်သလို ဖြစ်မှာစိုးလို့ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများလည်း ကိုယ့်ကိုယ်ကို ကိုယ်ချင်းစာမယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒီအတွက် ဒီပြည်သူတွေ အားလုံးရဲ့ကိုယ်စား အမြန်ဆုံး White Card ကိစ္စကိုပဲ အရင်ဆုံး ဆောင်ရွက်ပြီးမှ ဒီဥပဒေကို အာဏာတည်စေမှာ သင့်တော်မယ့်အကြောင်း ကျွန်တော့်အနေနဲ့ တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၂၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၅း၂၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၃ ရက် (ကြာသပတေးနေ့) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးအပြီးမှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၅း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]